# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ နယုန်လကွယ်နေ့၊ ၂၀၁၁ ခုနှစ်၊ ဇွန် ၃၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၆၈)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကချင်ပြည်နယ် ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

နေပြည်တော် ဇွန် ၂၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၂၉/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။**

**အဆိုပါ အမိန့်အမှတ်(၂၉/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည်-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၂၉/၂၀၁၁)

**၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်**
**(၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်)**

### ကချင်ပြည်နယ် ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ ကချင်ပြည်နယ် ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါ ကချင်ပြည်နယ်ဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဗိုလ်မှူးကြီးသန်းအောင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) | ဦးညွန့်အောင် | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (ဂ) | ဦးဘီထောဇောင်း | စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန |
| (ဃ) | ဦးအောင်နိုင် | သစ်တောနှင့်သတ္တုဝန်ကြီးဌာန |
| (င) | ဒေါက်တာခင်မောင်ထွန်း | စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန |
| (စ) | ဦးကမန်းဒူးနော် | လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| (ဆ) | ဦးစိုင်းမောင်ရွှေ | လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန |
| (ဇ) | ဦးအလေးပါး | စည်ပင်သာယာရေးဝန်ကြီးဌာန |
| (ဈ) | ဒေါ်ဘောက်ဂျာ | လူမှုရေးဝန်ကြီးဌာန |

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်

နေပြည်တော် ဇွန် ၂၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် (၃၀/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။**

**အဆိုပါ အမိန့်အမှတ်(၃၀/၂၀၁၁)မှာ အောက်ပါအတိုင်းဖြစ်သည်-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ် ၃၀/၂၀၁၁)

**၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်**
**(၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်)**

### စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများ ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (င)နှင့် (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)တို့အရ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြလာသည့် အောက်ပါ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများအား ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဗိုလ်မှူးကြီးကြည်နိုင် | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) | ဦးစောမြင့်ဦး | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| (ဂ) | ဦးစိန်ဝင်း | စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန |
| (ဃ) | ဦးသန်းထိုက် | သစ်တော၊သတ္တုနှင့်စွမ်းအင်ဝန်ကြီးဌာန |
| (င) | ဦးစိန်မောင်း | စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန |
| (စ) | ဦးတင်ငွေ | လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန |
| (ဆ) | ဦးကျော်ဝင်း | လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန |
| (ဇ) | ဦးတင်ဝင်း | စည်ပင်သာယာရေးဝန်ကြီးဌာန |
| (ဈ) | ဒေါက်တာမြင့်သိန်း | လူမှုရေးဝန်ကြီးဌာန |

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာ့အလင်း ကျန်းမာရေးသတင်းသုတ**

## သတိပြုဖွယ် ဆီးချိုရောဂါအန္တရာယ်

➤ မြင့်မောင်စိုး - ရေးသားသည် ➤

**လန်ဒန် ဇွန် ၂၉**

ကမ္ဘာတစ်ဝန်း အရွယ်ရောက်သူများ၏ ဆီးချိုရောဂါဖြစ်ပွားမှုနှုန်းသည် ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း နှစ်ဆတိုးပွားလာကြောင်း သုတေသနပညာရှင်အဖွဲ့က လေ့လာတင်ပြထားသည်။

**လေ့လာသုံးသပ်**

လန်ဒန်ကောလိပ်နှင့် အမေရိကန်ဟားဗတ်တက္ကသိုလ်တို့မှ ပူးပေါင်းသုတေသနပညာရှင်များအဖွဲ့က ကမ္ဘာတစ်ဝန်း ဆီးချိုရောဂါဖြစ်ပွားမှုသည် နှစ်ဆတိုးလာကာ ၃၄၇ သန်းအထိ ရှိလာကြောင်း၊ ယင်းတို့အနက် အသက် ၂၅ နှစ်နှင့်ဝန်းကျင်အရွယ် ဆီးချိုရောဂါဖြစ်ပွားသူဦးရေမှာ ၂ ဒသမ ၇ သန်းရှိနေပြီဖြစ်ကြောင်း ကမ္ဘာတစ်ဝန်း ဆီးချို ရောဂါတိုက်ဖျက်ရေးစီမံချက် စာရင်းဇယားများကို ကိုးကားလျက် လေ့လာသုံးသပ်တင်ပြထားသည်။

**ခန္ဓာကိုယ်အလေးချိန် လျှော့ချရေးအတွက် သစ်သီးဝလံနှင့် နို့ဒိန်ချဉ်များ စားသုံးသင့်ပေသည်။**

နိုင်ငံတိုင်းတွင် ဆီးချိုရောဂါဖြစ်ပွားမှုလျှော့ချရေး ထိရောက်သည့် အစီအမံများ ဆောင်ရွက်နိုင်စွမ်း မရှိခဲ့လျှင် ကျန်းမာရေး ဝန်ထုပ်ဝန်ပိုးကြီးဖြစ်လာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးထားပြန်သည်။

ဆီးချိုရောဂါသည် ကိုယ်အလေးချိန်အဝလွန်ခြင်းနှင့် ခန္ဓာကိုယ်အတွင်း သွေးချိုမှုနှုန်း အလွန်များခြင်းတို့ကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ ဆီးချိုရောဂါဖြစ်ပွားလာပါက *စာမျက်နှာ ၉ ကော်လံ ၁* ●

## မုတ်သုံလေ အားအသင့်အတင့်ရှိမည်

**နေပြည်တော် ဇွန် ၂၉**

**ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**ဇွန် ၃၀ ရက် ညနေအထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ *စာမျက်နှာ ၉ ကော်လံ ၂* ❐

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇွန် ၃၀ ရက်)

# မြန်မာ့သဘာဝသယံဇာတများ ထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံသည် အဖိုးတန်အရည်အသွေးကောင်း တွင်းထွက်ရတနာများပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာ့တွင်းထွက်ကျောက်မျက်ရတနာပြပွဲများကို မကြာခဏ ပြသရောင်းချနိုင်ခဲ့သဖြင့် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဖွယ်ရာနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ပြပွဲအကြို ခင်းကျင်းပြသထားမှုများကို ဇွန်လ ၂၈ ရက်နေ့က နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမသို့ လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၁၉၆၄ ခုနှစ်မှ စတင်ကျင်းပလာခဲ့သည်မှာ (၄၈)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်သည်။ ယခုကျင်းပမည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ဇူလိုင် ၁ ရက်မှ ၁၃ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

ပြသရောင်းချမည့် ကျောက်စိမ်းအတွဲ ၂၂၃၁၇ တွဲ၊ ကျောက်မျက်အတွဲများတွင် တင်ဒါစနစ်ဖြင့် ၂၂၄ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် အတွဲ ၆၀ စုစုပေါင်း ၂၈၄ တွဲ ပြသရောင်းချသွားမည်ဖြစ်သည်။ ပုလဲအတွဲပေါင်း ၃၅၅ တွဲကို တင်ဒါစနစ်ဖြင့် ၃၁၃ တွဲနှင့် ဈေးပြိုင်စနစ်ဖြင့် ၄၂ တွဲ ရောင်းချသွားမည်ဖြစ်သည်။ (၄၈)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း ၂၅၅ တွဲ ပြသရောင်းချခဲ့ပြီး ယခု အထူးရောင်းချပွဲ၌ မြန်မာ့ပုလဲအတွဲ ၃၅၅ တွဲ ပြသရောင်းချသွားမည်ဖြစ်သည်။

ယခုကျင်းပမည့် အထူးဈေးရောင်းချပွဲတွင် ပြသရောင်းချမည့် ကျောက်မျက်ရတနာများမှာ ပတ္တမြား၊ နီလာ၊ မိုးကုတ်ရောင်စုံကျောက်များ၊ မိုင်းရှူးပတ္တမြားရိုင်း၊ နန့်ယားပတ္တမြားရိုင်း၊ သလင်းရိုင်းနှင့် ထပ်တရာရိုင်းတို့ဖြစ်ကြသည်။

အထူးရောင်းချပွဲသို့ နိုင်ငံပေါင်း (၁၃)နိုင်ငံမှ ရတနာကုန်သည် ၆၇၀၀ ကျော်ကိုဖိတ်ကြားထားပြီး နိုင်ငံပေါင်းရှစ်နိုင်ငံမှ ရတနာကုန်သည် ၄၀၀၀ခန့် လာရောက်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်ကျင်းပနိုင်ခြင်း၊ ယခုကဲ့သို့ ၂၀၁၁ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကျင်းပရန် ဆောင်ရွက်နိုင်ခြင်းတို့သည် မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှု၊ အဖိုးတန်သယံဇာတကြွယ်ဝမှုတို့ကို ဖော်ညွှန်းပြဆိုလျက်ရှိသဖြင့် မြန်မာ့သဘာဝသယံဇာတများကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပေါင်းစနစ်ဖြင့် သိပ္ပံနည်းကျပျိုးထောင်စိုက်ပျိုးခြင်း ငပုတောမြို့နယ်၌ သရုပ်ပြ

ငပုတော ဇွန် ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် စပါးတစ်ဧက တင်း ၁၀၀နှုန်းအထက်ထွက်ရှိရန် ပေါင်စနစ်ဖြင့် သိပ္ပံနည်းကျ ပျိုးထောင်မျိုးစေ့ချ စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ငပုတောမြို့ မြောက်ပိုင်းရပ်ကွက် လယ်သမားကြီး ဦးကျော်ဝင်း၏ လယ်မြေ၌ ဇွန် ၁၅ ရက် နံနက် ၉ နာရီက ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုက အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးဌေးမြင့်က မျိုးကောင်းမျိုးသန့်များကို ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးပါက မျိုးစေ့အလေအလွင့်နည်းပါး၍ ပျိုးပင်ဘဝတွင် ကြီးထွားမှု အားကောင်းကြောင်း၊ အစောပိုင်းကာလအတွင်း ပွားစည်းလာသောပင်ပွားတို့သည် အနှံထွက်နိုင်စွမ်းကောင်းကြောင်း ရှင်းလင်းပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများက လက်တွေ့သရုပ်ပြကြသည်။ **(အပေါ်ပုံ)** အဆိုပါ သရုပ်ပြပွဲသို့ ကျေးရွာအုပ်စု ၃၆ အုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သစ်ပင်စိုက်ပျိုးပွဲ အုတ်တွင်းမြို့နယ်၌ကျင်းပ

အုတ်တွင်း ဇွန် ၂၉

အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာန၏ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ ရက် နံနက်က အုတ်တွင်းမြို့နယ် ကျွဲပွဲကျေးရွာအုပ်စု မြေစီးကျေးရွာပိုင် ရန်ကုန်-နေပြည်တော် အမြန်လမ်းဘေး မိုင်တိုင်အမှတ်(၁၂၆/၇)မှ (၁၂၇/၀) အတွင်း လမ်းဘေးဝဲယာ စိုက်ခင်း၌ ကျင်းပသည်။

### စိုက်ပျိုး

အဆိုပါ စိုက်ပျိုးပွဲတွင် အုတ်တွင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြေစီးကျေးရွာ ပြည်သူများ ပူးပေါင်း၍ ကျွန်းပင်ပေါင်း ၃၃၀ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သန့်ရှင်းသောသောက်သုံးရေရရှိရေး ကွင်းဆင်းဆောင်ရွက်

ညောင်ရွှေ ဇွန် ၂၉

ညောင်ရွှေမြို့ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁၅ ရက်က ၂၀၁၁-၂၀၁၂ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့် နန္ဒဝန်ရပ် နှစ်လက်မစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသန်းနိုင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ်စည်ပင်)**

## ဆေးဝါးစီမံခန့်ခွဲမှုသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွင့်လှစ်သည့် လက်တွေ့အသုံးချဆေးဝါးစီမံခန့်ခွဲမှုသင်တန်း အပတ်စဉ် (၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower, Level (5) ရှိ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း သင်တန်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူက အမှာစကား ပြောကြားသည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူနှင့် အမှုဆောင်များက သင်တန်းမှူးချုပ်နှင့် သင်တန်းဆရာများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

### ရှင်းလင်းပြောကြား

ထို့နောက်သင်တန်းတွင် ထူးချွန်စွာအောင်မြင်သည့် သင်တန်းသူ ဒေါ်ဆွေဆွေသိန်းအား အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ **(အပေါ်ပုံ)** က ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီးနောက် သင်တန်းမှူးချုပ်ဒေါက်တာမီမီကိုက သင်တန်းပို့ချခဲ့မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

**(မြန်မာ့အလင်း)**

## စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းဆင်း

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၃/၂၀၁၁) သင်တန်းဆင်းပွဲကို ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီခွဲက ခရိုင်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက အမှာစကားပြောကြားပြီးနောက် ဖွင့်လှစ်ပြီးသော လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းအမှတ်စဉ် (၁)၊ အမှတ်စဉ် (၂)နှင့် အမှတ်စဉ် (၃) တို့မှ ထူးချွန်ဆုရစာရေးဝန်ထမ်းများအား ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

**(ခရိုင် ပြန်/ဆက်)**

## သဘာဝဘေးကာကွယ်ရေး ကျိုင်းတုံ၌ ဟောပြော

ကျိုင်းတုံ ဇွန် ၂၉

ကျိုင်းတုံမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးကျင်းပသော သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ဖွဲ့စည်းရေးဆောင်ရွက်မည့်လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို ဇွန် ၄ ရက် မွန်းလွဲပိုင်းက မြို့နယ်စည်ပင်သာယာရေးခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက ရှင်းလင်းပြောကြားသည်။

### ပြောကြား

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ကျိုင်းတုံမြို့ မီးသတ်စခန်းကို ရောက်ရှိပြီး စခန်းအားစစ်ဆေးကာ တပ်ဖွဲ့ဝင်များ၊ တပ်ဖွဲ့ဝင်မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ဒိုက်ဦးမြို့နယ် မင်းတဲရပ်ကွက် အမှတ်(၈)လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဇွန် ၅ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထက်အောင်ခန့်တို့ ရှင်းလင်းတင်ပြကြစဉ်။**

(မြို့နယ်စည်ပင်)

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြင်သစ်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော်  ဇွန်  ၂၉**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Thierry MATHOU သည် ဇွန် ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၇၃ ခုနှစ်၊ နယုန်လကွယ်နေ့ (ဥပုသ်နေ့)**
**၂၀-၆-၂၀၁၁ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
- ၈:၀၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၂၀ ၉။ တေးဂီတအစီအစဉ်
- ၈:၃၀ ၁၀။ အကပဒေသာ
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ **ချစ်သောမြေ ချစ်သောရေ**
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၁၅ ၃။ တေးဂီတအစီအစဉ်
- ၄:၂၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ရူပဗေဒ၊ဓာတုဗေဒ၊သင်္ချာ အထူးပြုများ) (ရူပဗေဒ)
- ၄:၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၄၅ ၆။ **ရတနာစုံညီနေပြည်တော်ဆီ**
- ၅:၁၀ ၇။ ရောင်စုံရေးသီတေးပန်းချီ
- ၅:၃၀ ၈။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင် (စံကေလင်ငှက်များ)
- ၅:၄၀ ၉။ **(၂၀၁၁)ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ** (အကြိုခင်းကျင်းပြင်ဆင်မှု)
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ တေးဂီတအစီအစဉ်
- ၆:၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြဲကြဲဖန်ဖန်အမွေဆိုင်** (အပိုင်း-၅)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၉။ **အစာလည်းဆေး၊ ဆေးလည်းအစာ**
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၉)
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၇၂)
- ၂၂။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာပွားများခြင်းတရားတော်

# ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၌ ကျင်းပ

**နေပြည်တော်  ဇွန်  ၂၉**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူများအား ဆုချီးမြှင့်ခြင်းနှင့် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအနက် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် ငါးဘာသာဂုဏ်ထူးရှင် သုံးဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်ပြီး **(ဝဲပုံ)** ပြည်ထောင်စုဝန်ကြီး၏ ဇနီးက လေးဘာသာ ဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ဒုတိယဝန်ကြီး ဦးတင့်လွင်နှင့် ဇနီးတို့က လေးဘာသာ ဂုဏ်ထူးရှင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တစ်နိုင်ငံလုံးရှိ ဝန်ထမ်းမိသားစု သားသမီး မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ရာ လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများက လက်ခံကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ပညာရည်ချွန်ဆုများချီးမြှင့်ငွေနှင့် ပညာသင်စရိတ်ထောက်ပံ့ငွေ စုစုပေါင်းမှာ ငွေကျပ် ၃၅၁၆၄၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား Marubeni Corporation ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

**နေပြည်တော်  ဇွန်  ၂၉**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား Mr. Hiroshi IKUNO (Executive Officer, Regional CEO For ASEAN , Marubeni Corporation) နှင့်အဖွဲ့သည် ဇွန် ၂၈ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အောက်ပုံ)** ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# မီးဘေး ကြိုတင်ကာကွယ်ရေးနှင့် သန့်ရှင်းရေးဆောင်ရွက်

**ဂန့်ဂေါ  ဇွန်  ၂၉**

ဂန့်ဂေါမြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ဈေးသန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင် မေ ၃၁ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိက လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ပြင်သစ်နိုင်ငံသံအမတ်ကြီးနှင့် တရုတ်နိုင်ငံသံအမတ်ကြီးတို့ လာရောက်တွေ့ဆုံ

**နေပြည်တော်  ဇွန်  ၂၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Thierry MATHOU သည် ယနေ့နံနက် ၁၀ နာရီတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် ပညာရေးလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာသည် မွန်းလွဲ ၂ နာရီတွင် လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် ပညာရေးလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့်ဦးဘရွှေ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၀-၆-၂၀၁၁(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ပါရာယနသုတ္တန်** တရားတော် (အပိုင်း-၄) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၀)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၀၈)
- ၈:၅၀ ဦးခိုက်ပူဇော် လှူဒါန်းကြစေသော် ဘူမိဖသသက္ကပူဇာ ရုပ်ပွားတော်နှင့် ရှင်စောမြတ်စေတီတော်
- ၉:၀၅ ရန်ကုန်မြင်ကွင်းကျယ် (Kanebo)
- ၉:၃၅ ရွေးချယ်အစုံစုံ ရင်သွေးရိပ်မြုံ (S.L.E.C Preschool)
- ၉:၄၅ အသည်းကင်ဆာကုထုံးသစ်အကြောင်း ဆွေးနွေးခြင်း **(အပိုင်း-၁)**
- ၁၀:၀၅ မုံရွာမြို့မှ…ဇရိပ်ဆာယာ
- ၁၀:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁:၀၀ The Champion of Dance
- ၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၀ ဖွံ့ဖြိုးသာယာ မင်္ဂလွန်းစံပြကျေးရွာ စုပေါင်းဆင်နွှဲ ဗုဒ္ဓရာပြည့်ပွဲ
- ၁၂:၂၅ လေးတောင်တိုက်နယ်တွင် တည်ထားပူဇော်သည့် အေးချမ်းသာယာစေတီတော် ထီးတော်တင် မင်္ဂလာအခမ်းအနား
- ၁၂:၄၀ ဗုဒ္ဓဂယာမဇ္ဈိမဒေသဆီသို့
- ၁:၀၀ **ပါရာယနသုတ္တန်** တရားတော် (အပိုင်း-၄) (ဆရာတော် အရှင်ပညာသီဟာဘိဝံသ)
- ၂:၁၀ MRTV-4 သတင်း
- ၂:၂၀ Quiz Idol
- ၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၀)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၀၈)
- ၄:၅၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အာဒမ်ရယ်..ဧဝရယ်…ဒသရယ်**
- ၅:၂၅ ရန်ကုန်မြင်ကွင်းကျယ် (ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ)
- ၅:၄၀ သာသနာ့အမွေခံယူ ရှင်ပြုအလှူ
- ၅:၅၀ Singapore Night (China Town)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၅၁)
- ၇:၀၅ Style ရှိမှ Star ဖြစ်မယ်
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Myanmar Golf Club ၏ နှစ်ပတ်လည်အခမ်းအနား
- ၈:၄၅ စကားနပန်း **(စကားနပန်းပြိုင်တာ ကောင်းတယ်၊ စကားနပန်းမပြိုင်တာ ကောင်းတယ်**
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၁၀၉)
- ၁၀:၂၀ အားကစားမြင်ကွင်းစုံ
- ၁၀:၄၅ ကုသိုလ်ရန့်တို့သင်းပျံ့လိုင်… Golden Lamps အမွေးတိုင်
- ၁၁:၁၀ အနုပညာမိုးကောင်းကင်
- ၁၁:၂၀ ဂီတသရုပ်ပြခန်း (မီးနို)
- ၁၁:၄၀ ဖြစ်ထွန်းအောင်မြင်… စိုက်ပျိုးဥယျာဉ် (စပျစ်)
- ၁၂:၀၀ ဓာတ်ပုံထဲမှ အမှတ်တရများ (Blue Berry)
- ၁၂:၂၅ ဂီတစာဆို ဆရာမျိုးမြင့်ဆွေ၏ တေးသီချင်းကဏ္ဍ (အပိုင်း-၁)
- ၁၂:၅၀ **ဘဝများ** (ဂီတပညာရှင် နိုင်ဇော်၏ဘဝ)
- ၁:၂၀ **ရင်နှစ်ပန်းတို့ လန်းစေချင်** ဖြိုးငွေစိုး၊မိုးယုစံ၊မျိုးသန္တာထွန်း ခင်စိုးပိုင်၊ အေးသီတာ [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
- ၁:၃၅ စွဲမက်ဖွယ်ရာ ရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၁)
- ၂:၀၅ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသ ဟင်းထုပ်
- ၂:၁၅ ရောင်စုံရသ နီယွန်ည
- ၂:၄၅ ဝါးယင်းလိပ်ရဲ့ ယင်းပန်းချီအလှ
- ၃:၁၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၁၀ မဇ္ဈိမဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာ
- ၄:၂၅ ယဉ်ကျေးမှုအနုလက်ရာစုံစွာ ဘုရားအာနန္ဒာ
- ၄:၄၀ အံ့ဖွယ်ထင်ရှားကျိုက္ကမီဘုရား ဝပ်တွားအလီလီ နိဗ္ဗာန်ရည်
- ၅:၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHFတီဗွီအင်တင်နာဖြင့်အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHFတီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

30-6 (03).pmd 1 6/30/2011, 1:34 AM

# အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၂၉**

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ(၁/၂၀၁၁)ကို ဇွန် ၂၈ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနဝန်ကြီးရုံး ရဲရွာအစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထိုနေ့က ကျင်းပသော ပညာရပ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၁/၂၀၁၁)တွင် ထိုင်းနိုင်ငံ Asian Institute of Technology (AIT) ၌ မဟာဘွဲ့ သင်တန်း တက်ရောက်ခဲ့သည့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အရာထမ်းသုံးဦး၊ အိန္ဒိယနိုင်ငံ West Bengal University of Technology (WBUT) ၌ မဟာဘွဲ့ သင်တန်း တက်ရောက်ခဲ့သည့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အရာထမ်းတစ်ဦးနှင့် ဆွစ်ဇာလန်နိုင်ငံ ဘာဒန်မြို့ Colenco အတိုင်ပင်ခံရုံးချုပ်၌ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် နည်းပညာဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှုကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်အဖွဲ့မှ အဖွဲ့ဝင်တစ်ဦး စုစုပေါင်း ငါးဦးတို့က သက်ဆိုင်ရာ ကဏ္ဍအလိုက် သင်တန်းအတွေ့အကြုံ၊ သင်ကြားမှုပုံစံနှင့် ဆည်းပူးသင်ယူတတ်မြောက်ခဲ့သည့် နည်းပညာပိုင်းဆိုင်ရာ ဗဟုသုတများ၊ ရေအားလျှပ်စစ်ဆိုင်ရာ အတွေ့အကြုံဗဟုသုတများကို ပြန်လည်ရှင်းလင်း ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ရေမြောင်းများ တူးဖော်

**ဟိုင်းကြီးကျွန်း ဇွန် ၂၉**

ဟိုင်းကြီးကျွန်းမြို့နယ် အမှတ် (၂) ရပ်ကွက် ပမ္မဝတီလမ်းမကြီး ဘေးဝဲယာ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်ရှင်းလင်းခြင်း လုပ်ငန်းကို ဇွန် ၁၅ ရက်က အဖွဲ့ရုံးဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်းဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်သိန်း၊ မြို့နယ်တာဝန်ခံ ဦးသက်မင်းဦးနှင့် အမှတ်(၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**အဝိုင်းပတ်ယာဉ်ကို ဦးစားပေးပါ**

## သဘာဝသစ်ပင်များ ထိန်းသိမ်းရေးဟောပြော

**စဥ့်ကူး ဇွန် ၂၉**

စဥ့်ကူးမြို့နယ် သစ်တောဦးစီးဌာနမှ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝသစ်ပင်များ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများနှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာသိကောင်းစရာများ ပညာပေးဟောပြောပွဲကို ဇွန် ၁၅ ရက် မွန်းတည့် ၁၂ နာရီက ခတက်ချဉ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဆွေဝင်းက အမှာစကားပြောကြားသည်။

### ရှင်းလင်းဟောပြော

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်တာဝန်ခံ တောအုပ် ဦးမြင့်ဌေးလှိုင်(ဝဲပုံ)က တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာဥပဒေများနှင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများနှင့် တစ်အိမ်ထောင်လျှင် ကျွန်းသုံးပင်၊ ယူကလစ်အပင် ၂၀နှင့် ကျေးရွာတစ်ရွာ ကျေးရွာပိုင် သစ်တောစိုက်ခင်းတစ်ဧကစီစိုက်ပျိုးထူထောင်နိုင်ရေးတို့ကို ပညာပေးရှင်းလင်း ဟောပြောခဲ့ကြောင်း သိရှိရသည်။ **(၄၃၃)**

## ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ကျိုင်းတုံ၌ ပေးအပ်

**ကျိုင်းတုံ ဇွန် ၂၉**

ကျိုင်းတုံမြို့နယ်တွင် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ လှူဒါန်းပေးအပ်ပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက ခရိုင်တိုင်းရင်းဆေးကုဌာန၌ ကျင်းပသည်။

လှူဒါန်းပွဲတွင် ကွန်ပျူတာလှူဒါန်းသော အလှူရှင် ဦးစိုင်းဝန်းဖတ်အား မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ရှမ်းပြည်နယ်)ဥက္ကဋ္ဌ ဦးကံစီကလည်းကောင်း၊ ဖက်စ်လှူဒါန်းသော အလှူရှင် ဦးစိုင်းလုံယီးနှင့် ဦးစိုင်းလှထွန်းတို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေမောင်းကလည်းကောင်း၊ လက်ဆွဲမီးစက်လှူဒါန်းသော အလှူရှင်ဦးစိုင်းသက်နိုင်အား ခရိုင်တိုင်းရင်းဆေးမှူး ဦးတင့်လွင်ကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ် အခြေခံဗီဒီယိုအဖွဲ့ အမှုဆောင်အသစ် ရွေးချယ်

**တပ်ကုန်း ဇွန် ၂၉**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး တပ်ကုန်းမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲ၏ အမှုဆောင်အသစ်ရွေးချယ်ပွဲကို ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီက တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးလူက အမှာစကားပြောကြားပြီး ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ကောင်းက ဗီဒီယိုအခြေခံအဖွဲ့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

### ရွေးချယ်တင်မြှောက်

ထို့နောက်တက်ရောက်လာကြသော မြို့နယ်အတွင်းရှိ ဖြန့်ချိရေး၊ ငှားရမ်းရေး၊ ပြသရေး၊ ဖြေဖျော်ရေးနှင့် ရိုက်ကူးရေး လုပ်ငန်းရှင်များက အမှုဆောင်များကို မဲပေးရွေးချယ်ရာ ဥက္ကဋ္ဌ ဦးတင်ဝင်း (ဖြန့်ချိရေး)၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့် (ဖြန့်ချိရေး)၊ အတွင်းရေးမှူး ဦးမြင့်လွင် (ငှားရမ်းရေး)တို့ အပါအဝင် အမှုဆောင်ကိုးဦးအား ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရှိရသည်။ **(ဝ၂၁)**

**မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း**

## အိုလံပစ်နေ့ အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

***ရန်ကုန် ဇွန် ၂၉***

*၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၂၄ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏပြိုင်ဝင်း ပိုက်ကျော်ခြင်းအားကစားရုံ၌ ကျင်းပသည်။* ***(အပေါ်ပုံ)***

*ယှဉ်ပြိုင်*

*ပြိုင်ပွဲကို အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးနှစ်ယောက်တွဲနှင့် အမျိုးသားသုံးယောက်တွဲ အလွတ်တန်း၊ လူသစ်တန်းပြိုင်ပွဲများပါဝင်လျက် ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ ယှဉ်ပြိုင်လျက်ရှိကြောင်း သိရှိရသည်။* ***(မြန်မာ့အလင်း)***

## အိုလံပစ်နေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲကျင်းပ

*ရန်ကုန် ဇွန် ၂၉*

*မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲကို ဇွန် ၂၅ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပြည်ထောင်စုလမ်းရှိ မြင်းစီးအားကစားကွင်း* ***(Yangon Equestrian & Country Club)*** *၌ ကျင်းပရာ (အောက်ပုံ) ပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအေးချိုက* ***DRESSAGE*** *အကြီးတန်းပြိုင်ပွဲတွင် ပထမ သန့်ဇင်(မြင်း-ဘယ်လာ)၊ ဒုတိယ သန်းဇော်မိုး (မြင်း-ရှုဘီ)နှင့် တတိယ* ***Miss CAREN*** *(မြင်း-ပီးစ်)တို့အားလည်းကောင်း၊ အငယ်တန်းပြိုင်ပွဲတွင် ပထမ မြသန်း(မြင်း-မြနှင်းဆီ)၊ ဒုတိယ မမေဦး(မြင်း-ချစ်စနိုး)နှင့် တတိယ ဇာနီ(မြင်း-အလိမ္မာ)တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က* ***Show Jumping*** *အကြီးတန်းပြိုင်ပွဲတွင် ပထမ ထွန်းလင်းအောင်(မြင်း-မြနှင်းဆီ)၊ ဒုတိယ ဇော်ဝေ (မြင်း-မလေးဖြူ) နှင့် တတိယ သန့်ဇင် (မြင်း-ပီးစ်) တို့ကိုလည်းကောင်း အငယ်တန်းပြိုင်ပွဲတွင် ပထမဝင်းနိုင်(မြင်း-မလေးဖြူ)၊ ဒုတိယ မြသန်း(မြင်း-မြနှင်းဆီ) နှင့် တတိယ ရဲမင်းဦး (မြင်း-မာယာ) တို့ကိုလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)*

## ကုက္ကိုင်း ရေကူးအသင်း နှစ်ပတ်လည်စည်းဝေး

***ရန်ကုန် ဇွန် ၂၉***

*ကုက္ကိုင်းရေကူးအသင်း၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ ကုက္ကိုင်းရေကူးအသင်း၏ အသင်းခန်းမ၌ကျင်းပရာ* ***(အပေါ်ပုံ)*** *အခမ်းအနားတွင် ရှေးဦးစွာ သဘာပတိကုက္ကိုင်းရေကူးအသင်းနာယက ဦးဆန်းထွန်း(နယူးပုံနှိပ်တိုက်)က အမှာစကားပြောကြားပြီး ၂၀၁၀-၂၀၁၁ ခုနှစ် အမှုဆောင်ကော်မတီ၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းကို အမှုဆောင်ကော်မတီ အတွင်းရေးမှူး ဦးချိုမောင်က ဖတ်ကြားသည်။*

***ဖွဲ့စည်း***

*ဆက်လက်၍ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ဥက္ကဋ္ဌ ဦးဟန်ထွန်းမောင်(စိန်လှို)၊ အတွင်းရေးမှူး ဦးချိုမောင်တို့ပါဝင်သော အမှုဆောင်ကော်မတီအသစ်ကို ဖွဲ့စည်းသည်။*

*ထို့နောက်အဆိုပါကုက္ကိုင်းရေကူးအသင်းကို ၁၉၀၄ ခုနှစ်က စတင်တည်ထောင်ခဲ့ရာ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။*

***(မြန်မာ့အလင်း)***

# သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

**ဆွေးနွေးခဲ့**

ထိုသို့တွေ့ဆုံရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောပြုန်းတီးမှုမဖြစ်စေရန် ပူးပေါင်းထိန်းသိမ်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်သွားရေးနှင့် ပြည်တွင်းမှ လုပ်သားများအား တိုးမြှင့်အသုံးပြုဆောင်ရွက်ရေး၊ လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသော ရေအားလျှပ်စစ်လုပ်ငန်းများအား အဆင်ပြေချောမွေ့စေရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား တရုတ်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး သမဝါယမဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေစီးရေလာကောင်းမွန်ရေး ကျောက်ပန်းတောင်း၌ ဆောင်ရွက်

**ကျောက်ပန်းတောင်း ဇွန် ၂၉**

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရန်ပြည်မန်းလမ်းရှိ ရေမြောင်းအား အဖွဲ့ပိုင်စက်ယန္တရားဖြင့် အမှိုက်သရိုက်နှင့် သဲများ ဆယ်ယူရှင်းလင်းခြင်းကို အမှုဆောင်အရာရှိ ဦးတင်မြင့်ကြီးကြပ်ဆောင်ရွက်ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား တရုတ်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး အလုပ်အကိုင်အခွင့်အလမ်းတိုးပွားရေး၊ လူမှုဖူလုံရေးနှင့် လူမှုဝန်ထမ်းလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား ဂျာမနီနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ **Fritz Werner Industrie- Ausrustungen Co., Ltd. Managing Director Mr. Joerg Gabelmann** ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းများနှင့် လေဆိပ်တည်ဆောက်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ခေါင်းဆောင်သောအဖွဲ့ ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇွန် ၂၉**

တီမောလက်စ်တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဇာကာရီ ရက်စ်အယ်လ်ဘာနို ဒါကိုစတာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ဇွန် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမက(၂) မူလွန်တွင် ပထမတန်းကျောင်းသား မောင်စည်သူအောင်၏မွေးနေ့ ကြက်သားကြာဆံကြော်ကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သာနုအေးနှင့် ဆရာမများ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၂၂)

# အင်ဂျင်နီယာဘာသာရပ်များအကြောင်း ရှင်းလင်းဟောပြောမည်

**ရန်ကုန် ဇွန် ၂၉**

MDIS နှင့် CROWN Education တို့မှ ပူးပေါင်းစီစဉ်မှုဖြင့် စင်ကာပူနိုင်ငံ Management Development Institute of Singapore တွင် တက်ရောက်သင်ယူပြီး အင်္ဂလန်နိုင်ငံ Universtry of Bradford မှ ပေးအပ်မည့် အင်ဂျင်နီယာဘွဲ့များအကြောင်းကို Mr, Peter Quek , Head of School of Engineering က ရန်ကုန်မြို့တွင် ဇူလိုင် ၈ ရက် ညနေ ၃ နာရီမှ ၅ နာရီအထိ Park Royal Hotel တွင် လည်းကောင်း၊ ဇူလိုင် ၁၀ ရက်တွင် ညနေ ၃ နာရီမှ ၅ နာရီအထိ မန္တလေးမြို့ Mandalay Swan Hotel တွင် လည်းကောင်း ရှင်းလင်းဟောပြောမည်ဖြစ်ရာ ဆွေးနွေးပွဲ တက်ရောက်ရန်နှင့် အသေးစိတ် အချက်အလက်များကို CROWN Education, Summit Parkview Hotel, အခန်း(၂၂၈-၂၂၉) ဖုန်း-၂၁၁၈၈၈(လိုင်းခွဲ-၂၂၈)နှင့် ၀၉-၅၀၈၅၁၈၅၊ ၀၉-၇၃၂၇၃၂၇၇ တို့တွင် ဆက်သွယ်စုံစမ်း မေးမြန်းစာရင်းပေးနိုင်ကြောင်း သိရသည်။

University of Bradford မှ ပေးအပ်ချီးမြှင့်မည့် အင်ဂျင်နီယာဘွဲ့များအတွက် သုံးနှစ်တက်ရောက်ရန်လိုအပ်ပြီး GCE'A' ကို သုံးဘာသာ 'C' နှင့် အောင်မြင်ထားသူများ တက္ကသိုလ်ပထမနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်ကြောင်းနှင့် မြန်မာနိုင်ငံမှ ၁၀ တန်းအောင်မြင်ပြီးသူများ MDIS မှ ပေးအပ်မည့် Diploma in Engineering ကိုးလသင်တန်းကို စတင် တက်ရောက်သင်ယူကာ တက္ကသိုလ်ပထမနှစ်သို့ တိုက်ရိုက်တက်နိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

# ချောက်စည်ပင်သာယာ ရေပန်းအဝိုင်း ဆောင်ရွက်

**ချောက် ဇွန် ၂၉**

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းဖြစ်သည့် အနော်ရထာတံတားချဉ်းကပ်လမ်းတွင် ရေပန်းအဝိုင်း ဆောင်ရွက်ထားရှိမှုကို ဇွန် ၂ ရက်က မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းစစ်ဆေးရာ ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းသန့်တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

**စာအုပ်စာပေ လှူမိတ်ဆွေ**

## မြန်မာ့အလင်း သတင်းအတိုအထွာ

၂၉-၆-၂၀၁၁

### ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

*၂၀၁၁ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့်များ၌ ၂၂၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုခဲ့ကြသည်။* (ခရိုင် ပြန်/ဆက်)

### ငှက်ဖျားရောဂါကာကွယ်ရေး ဆွေးနွေး

*ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျန်းမာရေးဦးစီးဌာနတွင် ဇွန် ၁၅ ရက် နံနက် ၉ နာရီက ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပရာ မြန်မာနိုင်ငံ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအဖွဲ့နှင့် (GLOBAL FUND) အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းအောင်က အသိပေးဆွေးနွေးခဲ့ကြောင်း သိရှိရသည်။* (၁၁၁)

### ရွှေကျင်မြို့နယ် ကဇင်းပင်ကျေးရွာ၌ အမကကျောင်းခွဲဖွင့်

*ရွှေကျင်မြို့နယ် သရက်ချောင်းကျေးရွာအုပ်စု ကဇင်းပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ)ဖွင့်ပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်မောင်ဝင်းနှင့် လက်ထောက်ပညာရေးမှူး ဦးတင်ဌွေတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။* (မြို့နယ် ပြန်/ဆက်)

### စနေနေ့တိုင်း အထူးသန့်ရှင်းရေးဆောင်ရွက်

***သရက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် စနေနေ့တိုင်းအထူးသန့်ရှင်းရေးလုပ်ငန်းအဖြစ် သရက်မြို့ မင်းတုန်းလမ်းတစ်လျှောက် ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ ရေမြောင်းများတူးဖော်ခြင်းနှင့် သရက်မြို့ အထက (၁) ကျောင်းရှေ့တွင် သန့်ရှင်းရေးပြုလုပ်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ NGO အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြလင်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။*** (ခရိုင်ပြန်/ဆက်)

# ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကျင်းပ

**ရန်ကုန် ဇွန် ၂၉**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**တက်ရောက်**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၂၃) ဦးရှိသည့်အနက် (၁၂၀) တက်ရောက်သည့်အတွက် (၉၇ ဒသမ ၅၆) ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

**အတည်ပြု**

အစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးဌာနများ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ပြင်ဆင်ဖြည့်စွက် ဖွဲ့စည်းသည့် တိုင်းဒေသကြီး ဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ ဖြစ်သည်။

ထို့နောက် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို နံနက် ၁၀ နာရီ ၁၇ မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

# ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဇွန် ၂၉**

ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**ကြေညာ**

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ(၁၀၁) ဦးအနက် အားလုံး တက်ရောက်သည့်အတွက် ရာနှုန်းပြည့်တက်ရောက်ကြသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြင်ဆင်ဖွဲ့စည်းသည့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးဌာနများ အလိုက် လက်ရှိ ဝန်ကြီးများအား ဆက်လက်တာဝန်ပေးအပ်ရန် တင်ပြဆွေးနွေးသည်။

ခန့်အပ်မည့်ဝန်ကြီးဌာနများအလိုက် တာဝန်ပေးအပ်မည့်ဝန်ကြီးများ၏ အမည်စာရင်းမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနဝန်ကြီးအဖြစ် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးကြည်နိုင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန္တီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမြင့်ဦး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ကလေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိန်ဝင်း၊ သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ချောင်းဦးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသန်းထိုက်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် မော်လိုက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိန်မောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ဝက်လက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးတင်ငွေ၊ လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီးဌာနဝန်ကြီးအဖြစ် ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်ဝင်း၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ကသာမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးတင်ဝင်း၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီးအဖြစ် ချောင်းဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာမြင့်သိန်းတို့ဖြစ်သည်။

**အတည်ပြု**

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌက ပြင်ဆင်ဖွဲ့စည်းသည့် တိုင်းဒေသကြီး ဝန်ကြီးများ၏ အမည်စာရင်းကိုတင်ပြပြီး အဆုံးအဖြတ်ရယူရာ လွှတ်တော်ကိုယ်စားလှယ် အားလုံးက သဘောတူကြသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ဒုတိယနေ့ ကျင်းပစဉ်။** (သတင်းစဉ်)

# ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၂၉**

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**စတင်ကျင်းပ**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၅) ဦးရှိသည့်အနက် (၇၄) ဦး တက်ရောက်သည့်အတွက် (၉၈ ဒသမ ၆၆) ရာခိုင်နှုန်းတက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီးဝန်ကြီးဌာနများ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းရန် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

**ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်း**

ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းသည့် တိုင်းဒေသကြီးဝန်ကြီးဌာနများမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန၊ သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန၊ စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် လူမှုရေးဝန်ကြီးဌာနတို့ဖြစ်သည်။ ထို့နောက် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ပထမနေ့ကျင်းပစဉ်။** (သတင်းစဉ်)

# သာပေါင်းစည်ပင်သာယာ ပေါင်းမြက်များရှင်း

**သာပေါင်း ဇွန် ၂၉**

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇွန် ၉ ရက်က မြို့ဝင် လမ်းဘေးဝဲယာ ပေါင်းမြက်ရှင်းခြင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးငွေးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းကျော်ခိုင်တို့ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

## မြန်မာအမျိုးသမီးများနေ့

ဇူလိုင်လ (၃) ရက်

# ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား တရုတ်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ **(အပေါ်ပုံ)** အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အခန်းကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းအောင်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်တို့လည်း တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# မောင်တော မြို့မဈေး ဈေးအထူးသန့်ရှင်းရေး ဆောင်ရွက်

**မောင်တော ဇွန် ၂၉**

ရခိုင်ပြည်နယ် မောင်တောမြို့ မြို့မဈေး ဈေးဝင်းအတွင်း ယာယီပျံကျဈေးတန်းတစ်လျှောက်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လုပ်သားအင်အား ၃၀ ဖြင့် အထူးသန့်ရှင်းရေးလုပ်ငန်းကို ယနေ့ နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

❖ *ကျောဖုံးမှ*

ကွဲပြားစွာပေါက်ရောက်နေသည့် နှစ်ရှည်ပန်းအလှပင်များကို တစ်နှစ်ပတ်လုံး ရာသီအလိုက် ဖူးပွင့်ဝေဆာနေသော ပန်းဥယျာဉ်ကြီးအဖြစ် တစ်နေရာတည်းတွင် တစုတဝေးတည်း လေ့လာမြင်တွေ့ခွင့်ရရှိစေရန် ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပန်းဥယျာဉ်အတွင်း ပန်းအိ၊ ဇလပ်ဖြူ၊ ကျူးလစ်၊ မဟာလှေခါး၊ မဉ္ဇူသကနတ်ပန်း၊ ရင်ခတ်ပန်း၊ တစ်ဆယ့်နှစ်ရာသီပန်း၊ ဇီဇဝါ၊ လုမ္ဗိနီအင်ကြင်း၊ ချယ်ရီဖြူ၊ ဆန်ကွဲပန်း၊ စံကားဝါ၊ စံကားဖြူ၊ ပန်းတမာ၊ ရွှေခေါင်းလောင်း၊ သံုးပန်လှ၊ တတိုင်းမွှေး၊ ပန်းမဲဇလီ၊ ပုန်းညက်၊ ကသစ်နီ၊ နံ့သာဖြူ၊ နံ့သာနီ၊ ကရမက်၊ မဏိသြဃ၊ ပန်းဆည်းလည်း၊ ကေရာဇ်၊ ငှက်သိကြား၊ ကတ္တီပါ၊ တောင်ဇလပ်၊ ပင်လုံးဝေ၊ မိုးမခ၊ နန်းလုံးကြိုင်၊ ခါတော်မီ၊ သော်ကမာလာ အစရှိသည့် နှစ်ရှည်ပန်းအလှပင် အမျိုးပေါင်း ၁၀၀ စုစုပေါင်း အပင်ရေ ၂၅၀၀ ကို ပန်းဥယျာဉ် ဧရိယာ ၅၅ ဧကအတွင်း စနစ်တကျ အကွက်ချ စိုက်ပျိုးထားခြင်းဖြစ်သည်။

ထို့အပြင် ပန်းဥယျာဉ်အတွင်း ပြည်သူများအနေဖြင့် မြန်မာပြည် အနှံ့အပြားမှ နှစ်ရှည်ပန်းအလှပင်များကို လေ့လာရင်း အပန်းဖြေ အနားယူနိုင်စေရန်နှင့် မျက်စိပသာဒဖြစ်စေရန်၊ မြေယာရှုခင်းအလှများ၊ ချောင်းငယ်များ၊ ချောင်းကူးတံတားများ၊ လူလျှောက်လမ်းများဖြင့် တန်ဆာဆင် တည်ဆောက်ထားပြီး ပန်းဥယျာဉ်သို့ လာရောက်ကြည့်ရှု လေ့လာသော အများပြည်သူများ အလွယ်တကူ အပန်းဖြေ စားသောက်နိုင်ရန် အဆင့်မြင့် စားသောက်ဆိုင်တစ်ဆိုင်ကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**တည်ရှိ**

အဆိုပါ ပန်းမြိုင်လယ်ဥယျာဉ်သည် နေပြည်တော် ပျဉ်းမနားမြို့နယ် ရာဇဌာနီလမ်း ဘောဂသီရိ အဝေးပြေး ယာဉ်ရပ်နားစခန်းနှင့် ကပ်လျက်တည်ရှိပြီး နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ထားလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## တက်ရောက်အားပေး

**သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တည်ဆောက်ပြီးစီးသွားသော ပန်းမြိုင်လယ်ဥယျာဉ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်။** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၀-၆-၂၀၁၁ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၂၀ ၅။ ဓမ္မပူဇာတေး
၇း၃၅ ၆။ မျိုးချစ်တပ်မတော်
၇း၄၀ ၇။ မြန်မာ့ရှုခင်း
၇း၄၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၅ ၃။ နိုင်ငံတော်သီချင်း
၄း၁၀ ၄။ အဖွင့်သီချင်း
၅။ **2011 FIFA Women's World Cup (Germany) Norway Vs Equatoril Guinea (NDD)**
၅း၃၀ ၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၇၈)
၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၈။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၉။ **ထူးဆန်းထွေလာ မျက်လှည့်ပညာ**
၆း၄၅ ၁၀။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၃၅)
၇း၀၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငွေတိုက်ပွဲ** (အပိုင်း -၂၃)
၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ အမျိုးသားရေးတေးကဗျာ
၁၄။ ဒို့တာဝန်အရေး(၃)ပါး
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အနုပညာရှင်၏တစ်နေ့တာ
၁၈။ ကုန်သွယ်သုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း -၃၀)
၂၁။ **2011 FIFA Women's World Cup (Germany) Canada Vs France (Live)**

၁-၇-၂၀၁ (သောကြာနေ့)

၁း၁၅ ၂၂။ **2011 FIFA Women's World Cup (Germany) Germany Vs Nigeria (Live)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၉-၆-၂၀၁၁

| | |
|---|---|
| နေပြည်တော် (လေဆိပ်) | ၂ ဒသမ ၀၈ လက်မ |
| နေပြည်တော် (ရေဆင်း) | ၀ ဒသမ ၉၄ လက်မ |
| နေပြည်တော် (ပျဉ်းမနား) | ၀ ဒသမ ၇၉ လက်မ |

# ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မင်းဘူးမြို့နယ် မြို့မဈေး ရေလောင်းအိမ်သာ အဆင့်မြှင့်ပြုပြင်နေမှုကို မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးတို့ ဇွန် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အုတ်တွင်းမြို့နယ် မိုးကောင်းလမ်းအပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇွန် ၁၇ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ဇော်လင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

သနပ်ပင်မြို့နယ် စက်ကုန်းပိုင်းရပ်ကွက် ဘုရင့်နောင် မြေသားလမ်းအား ဂဝံကျောက်ချောလမ်းအဖြစ်သို့ တိုးမြှင့်ဆောင်ရွက်ပြီးစီးမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးနှင့်အဖွဲ့ ဇွန် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေနံချောင်းမြို့ ရေပေးရေး ပင်းချောင်းရေစက်ရုံမှ သူဌေးကုန်းတပ်ပိုးရပ်ကွက်သို့ ဖြန့်ဝေသော ကိုယ့်အားကိုယ်ကိုး လေးလက်မ ရေပိုက်လိုင်း သွယ်တန်းနေမှုကို ဇွန် ၅ ရက်က ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသင်းဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှထွေးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျိုက်မရော မြို့အဝင်ဆိုင်းဘုတ်အနီး ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် လမ်းဘေးဝဲယာ သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇွန် ၁၀ ရက်က အမှုဆောင်အရာရှိ ဦးမျိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

# ရန်ဖြစ်မှာလား - ပြန်ချစ်မှာလား

ကိုမြန်မာ

ခုတစ်လော မြန်မာ့နိုင်ငံရေးလောကမှာ ဖြစ်နေပျက်နေ ကြားသိနေရတဲ့ သတင်းတွေက ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလားဆိုတာကို မဝေခွဲတတ်လောက်အောင်ပါပဲ။ ဘာလို့လဲဆိုတော့ တစ်ဖက်မှာလည်း ခေတ်သစ်၊ စနစ်သစ်၊ နိုင်ငံသစ် ထူထောင်ရာမှာ ပွင့်ပွင့်လင်းလင်း ချစ်ချစ်ခင်ခင်နဲ့ တက်တက်ကြွကြွ လုပ်ကြကိုင်ကြဖို့ နိုင်ငံတော်အစိုးရပိုင်းက တာဝန်အရှိဆုံးဖြစ်တဲ့ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်ကစပြီး ဦးဆောင်သူအဆင့်ဆင့်က ပြောကြဆိုကြ စိတ်ရင်းစေတနာအမှန်နဲ့ လုပ်ကိုင်နေကြတာ တွေ့ရမြင်ရတော့ နိုင်ငံသားတစ်ယောက်အနေနဲ့ အားတက်ဝမ်းသာရပါတယ်။

တစ်ဖက်မှာလည်း တည်ငြိမ်လာကာစ ကန်ရေပြင်ကို နောက်ကျိသွားအောင် မွှေချင်နှောက်ချင် ခြေလှမ်းပြင်နေတဲ့ သတင်းတွေကြားရတော့ စိတ်မချမ်းသာရတာလည်း အမှန်ပါပဲ။ မြန်မာပြည်မှာမွေး၊ မြန်မာပြည်မှာကြီးပြီး မြန်မာပြည်မှာပဲ အရိုးထုတ်သွားရမယ့် မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ အမှန်တကယ် ခံစားရသမျှ ပြောရရင် လှုပ်လှုပ်ရှားရှား မတည်မငြိမ် ဆူဆူညံညံအသံတွေဆိုရင် အသံကြားရုံနဲ့ ရင်တုန်စိတ်ကုန်နေလှပါပြီ။ လူကြီးတွေ အလုပ်ပျက်၊ ကလေးတွေကျောင်းပျက်၊ ကုန်သည်တွေစီးပွားပျက်၊ လက်လုပ်လက်စားတွေ ဘဝပျက်၊ တစ်နိုင်ငံလုံးအတွက် အနာဂတ်မျှော်လင့်ချက်တွေ ပျက်ခဲ့ကြရတဲ့ အရေးအခင်းဆိုတာတွေ၊ ဆူပူမှုဆိုတာတွေ၊ ပစ်တာခတ်တာ၊ ဗုံးကွဲတာတွေ နောက်ထပ်လည်း လေသံတောင်မှ မကြားချင်တော့ပါဘူး။

နိုင်ငံသမိုင်းကို ပြန်ကြည့်လိုက်ရင်လည်း လွတ်လပ်ရေးရပြီးကတည်းက ဘယ်လောက်များ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ဖွံ့ဖြိုးတိုးတက်ခွင့်ရခဲ့ဖူးလို့လဲ၊ ပြန်စဉ်းစားလိုက်တော့ ဟိုးတစ်ချိန်က အလွန်လူကြိုက်များခဲ့တဲ့ မင်းသားကြီးရွှေဘရဲ့ ရုပ်ရှင်ဇာတ်ကားနာမည်တစ်ခုကို ပြေးပြီး သတိရမိပါတယ်။ အဲဒီဇာတ်ကားနာမည်က. . .

"မိုက်တယ်ဆိုတာ လွယ်ပါတယ်"တဲ့။

အခုပြန်တွေးကြည့်မှ တယ်ဟုတ်တဲ့စကားပဲလို့ စဉ်းစားမိတယ်။ သိပ်မှန်ပါတယ်။ မိုက်တယ်ဆိုတာ အင်မတန်လွယ်ပါတယ်။ တကယ်တမ်းကျတော့ လိမ္မာဖို့သာခက်တာပါ။ မိုက်တယ်ဆိုတာက ကိုယ့်မှာရှိပြီးသား၊ သိုထားအောင်းထားတဲ့ စိတ်ဆိုးစိတ်ညစ်တွေကို တံခါးဖွင့်ထုတ်လိုက်ရုံပါပဲ။ လိမ္မာဖို့ဆိုတာကတော့ အပြင်ကို ထွက်ချင်လို့ သူ့ထက်ငါ တိုးဝှေ့နေကြတဲ့ အဲဒီ စိတ်ဆိုးစိတ်ညစ်တွေကို မနည်းအားတင်းပြီး ထိန်းချုပ်တားဆီးနေရတဲ့ အလုပ်မျိုးမို့ လုပ်ဖို့ခက်ပါတယ်။ မိုက်ဖို့လွယ်လို့လည်း အန္ဓပုထုဇဉ်တွေဘဝနဲ့ သံသရာမှာ မရေမတွက်နိုင်အောင် ကျင်လည်နေခဲ့ကြရတာပါ။ ရှေ့ဆက်ပြီး ဒီလမ်းကြောင်းအတိုင်း ဖြန့်ထွက်တွေးလိုက်မယ်ဆိုရင်-

"မိုက်ဖို့ဆိုတာ လွယ်ပါတယ်။ လိမ္မာဖို့က ခက်ပါတယ်"
"ရှုပ်ဖို့ဆိုတာ လွယ်ပါတယ်။ ပြန်ရှင်းဖို့က ခက်ပါတယ်"
"ရန်ဖြစ်ဖို့က လွယ်ပါတယ်။ ပြန်ချစ်ဖို့က ခက်ပါတယ်"

ဒါတွေကို ပညာတွေတတ်ထား သိထားပြီးသား နိုင်ငံရေးလောကသားတွေ နောကျေနေလောက်ပြီးသားပဲ ဖြစ်မယ်ထင်ပါတယ်။ ဒါပေမယ့် ပညာရှိ သတိဖြစ်ခဲဆိုသလို အခုသွားနေတဲ့ လမ်းကြောင်းတွေရဲ့ ဦးတည်ချက်က အန္တရာယ်မီးနီတွေကို လှမ်းပြီးမြင်နေရတာမို့ သတိထားနိုင်ဖို့ ပြောနေရတာဖြစ်ပါတယ်။

အခုအချိန်မှာ နိုင်ငံရေးနဲ့ပတ်သက်နေတဲ့ ပုဂ္ဂိုလ်မှန်သမျှ မေးလိုက်ပြောလိုက်ရင် ပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြန်လည်ရင်ကြားစေ့ရေးစတဲ့ အင်မတန်နားဝင်ချိုတဲ့ စကားလုံးတွေ လျှံထွက်နေတာတွေ့ရမှာပါ။ ဒါပေမယ့် နောက်ဆုံး တွေ့မြင်ကြားသိနေရတဲ့ တစ်စွန်းတစ်စ လှုပ်ရှားမှုလေးတွေ စကားသံတွေမှာတော့ တစ်မျိုးကြီးလို့ဆိုနိုင်တဲ့ အရိပ်အယောင်တွေကို တွေ့လာရသလိုပါပဲ။

ဥပမာ- ပြီးခဲ့တဲ့ ဇွန်လ ၁၉ ရက်နေ့က 'အန်တီစု'ရဲ့ မွေးနေ့ဆုတောင်းမှာ "ပါတီအဖွဲ့အစည်းအားလုံး ပူးပေါင်းဆောင်ရွက်ကြဖို့ အားလုံး ငြိမ်းချမ်းစွာ နေနိုင်ကြဖို့ ဆန္ဒပြုဆုတောင်းတယ်"လို့ ဆိုပေမယ့် ဘီဘီစီရေဒီယိုအစီအစဉ်ကနေ မကြာခင် ထုတ်လွှင့်ပေးဖို့ရှိတဲ့ Reith Lectures အစီအစဉ်ကို သီးသန့်ဖိတ်ကြားထားတဲ့ လူတချို့အတွက် ကြိုတင်ဖွင့်ပြပြီးတဲ့နောက် အစီအစဉ်တင်ဆက်သူ Sue Lawley နဲ့ ရန်ကုန်မြို့ရဲ့ လျှို့ဝှက်စခန်းတစ်နေရာကနေ ပြောဆိုရာမှာ အန်တီစုက သူ့ရဲ့ ကာလကြာရှည်စွဲကိုင်ထားခဲ့တဲ့ အကြမ်းမဖက်ရေးမူဝါဒကို စွန့်လွှတ်နိုင်ဖွယ်ရှိတယ်လို့ ပြောခဲ့ကြောင်း သတင်းတချို့မှာတွေ့ရပါတယ်။ အဲဒီအသံကြားတော့ အတော်ကလေးကို စိုးရိမ်သွားမိတာ အမှန်ပါပဲ။

ဒါ့အပြင် မကြာခင်က တူနီးရှားနဲ့ အီဂျစ်မှာ ဖြစ်ခဲ့တဲ့ကိစ္စတွေကို ၁၉၈၈ ခုနှစ် အရေးအခင်းနဲ့ နှိုင်းယှဉ်ပြီးပြောသွားရာမှာ ဟိုနိုင်ငံတွေမှာ ဖြစ်ပျက်သမျှ ကမ္ဘာသိအောင် သတင်းနည်းပညာနဲ့ ပို့ဆောင်ပြသနိုင်လို့ အောင်မြင်ခဲ့တယ်။ ၁၉၈၈ ခုနှစ်တုန်းကတော့ ဒီလိုမလုပ်နိုင်လို့ မအောင်မြင်ခဲ့တာလို့လည်း သုံးသပ်ပြောဆိုသွားသေးတယ်လို့ဆိုပါတယ်။ အဲလို ပြောဆိုသံတွေနဲ့အတူ အန်တီစုက "မြန်မာနိုင်ငံရဲ့ မပြီးဆုံးသေးတဲ့ ဒီမိုကရေစီတိုက်ပွဲကို ဝိုင်းဝန်းကူညီကြဖို့" သတင်းနည်းပညာတွေကိုသုံးပြီး ကမ္ဘာတစ်ဝန်းလုံးမှာ ကျင်းပနေတဲ့ နိုင်ငံတကာနှီးနှောဖလှယ်ပွဲတွေ၊ အစည်းအဝေးတွေ၊ လွှတ်တော်တွေ အစရှိတဲ့နေရာအသီးသီးမှာ ဗီဒီယိုမိန့်ခွန်းတွေပို့ပြီး ပြောနေတာ၊ နိုင်ငံတကာ ရေဒီယိုအစီအစဉ်တွေနဲ့ အင်တာဗျူးလုပ်နေတာတွေဟာ ဟိုတုန်းက မအောင်မြင်ခဲ့တဲ့အရေးအခင်းကို အခုထပ်ပြီး အောင်မြင်အောင်လုပ်တော့မယ်လို့များ သန္နိဋ္ဌာန်ချပြီး ခြေလှမ်းစနေတာလားဆိုတာ စဉ်းစားစရာ ဖြစ်လာပါတော့တယ်။

အန်တီစု ပြန်ပြီး လွတ်လွတ်လပ်လပ် လှုပ်ရှားပြောဆိုလာနိုင်ခါစတုန်းက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်ဆိုပြီး ပျော့ပျော့ပျောင်းပျောင်း ပြောဆိုလုပ်ကိုင်ခဲ့လို့ အားလုံးက မျှော်လင့်ချက်တွေနဲ့ စောင့်ကြည့်နေခဲ့ကြတာပါ။ နိုင်ငံရေးအရ ထိပ်တိုက်ရင်ဆိုင် တိုးနိုင်မယ့် အပြောအဆို အသုံးအနှုန်းတွေကို ထိန်းသိမ်းပြီး လူမှုရေးလုပ်ငန်းတွေကို ဇောက်ချအားပေးလုပ်ကိုင်လာလို့ ဘာပဲဖြစ်ဖြစ် နိုင်ငံကောင်းအောင် အားလုံးဝိုင်းပြီးလုပ်ကြကိုင်ကြတာပဲလို့ စဉ်းစားပြီးတော့ စိတ်ချမ်းသာနေခဲ့မိတာ အမှန်ပါပဲ။

နိုင်ငံကောင်းဖို့အတွက် နိုင်ငံမှာ ဒီမိုကရေစီပြည့်ဝဖို့၊ လူမှုရေး လိုအပ်ချက်တွေ ဖြည့်ဆည်းကူညီဖို့ အန်တီစုမှာ ဆန္ဒရှိတယ်ဆိုတာ ကြိုဆိုပါတယ်၊ ဝမ်းသာပါတယ်။ ဒါပေမယ့် အဲဒီစိတ်ဆန္ဒစေတနာကို အကောင်အထည်ဖော်တဲ့နေရာမှာတော့ ချဉ်းကပ်ပုံလမ်းကြောင်းမှန်ဖို့ သတိထားစေချင်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အီဂျစ်တို့၊ တူနီးရှားတို့လို နိုင်ငံတွေနဲ့မတူတဲ့ အချက်ကတော့ Ideal Democracy မဟုတ်တောင်မှ လက်တွေ့အလုပ်ဖြစ်နိုင်တဲ့ Functionable Democracy စနစ်တော့ရှိပြီး ဖြစ်နေပါပြီ။ အဲတော့ အရှေ့အလယ်ပိုင်းက အုံကြွဆူပူမှုလမ်းကြောင်းမျိုးကို နောက်တစ်ကြိမ်ပြန်လိုက်ပြီး မရေရာမသေချာတဲ့ အောင်မြင်မှုမျိုးကို အိပ်မက်စိတ်ကူးနေမယ့်အစား လက်တွေ့ကျကျရှိပြီးဖြစ်နေတဲ့ ဒီမိုကရေစီအခြေခံအုတ်မြစ်ပေါ်ကနေ ဒီမိုကရေစီနည်းကျကျ ပိုပြီးရင့်ကျက်ပြည့်ဝတဲ့ ဒီမိုကရေစီပုံစံ ဖြစ်ထွန်းဖွံ့ဖြိုးလာအောင် အန်တီစုရဲ့မွေးနေ့မှာ ပြောခဲ့တဲ့အတိုင်း ပူးပေါင်းပါဝင် ဆောင်ရွက်သွားနိုင်မယ်ဆိုရင် ပိုမကောင်းပေဘူးလားလို့ အကြံပြုချင်ပါတယ်။

ပြီးခဲ့တဲ့ ရွေးကောက်ပွဲတုန်းက အကြောင်းအမျိုးမျိုးကြောင့် အန်တီစုရဲ့ NLD အင်အားစုတွေ ရွေးကောက်ပွဲမဝင်ခဲ့ကြတာ အခု ပြန်တွက်ကြည့်လိုက်ရင် ဘယ်သူပဲနစ်နာသွားသလဲဆိုတာ အားလုံးသိနေမြင်နေကြတာပါပဲ။ NLD ရဲ့ တရားဝင်ရပ်တည်ခွင့် ဆုံးရှုံးသွားခဲ့သလို လှုပ်ရှားလုပ်ကိုင်ရတဲ့နေရာမှာ အားနည်းသွားတာ မငြင်းနိုင်တဲ့အချက်တွေပါ။ ဒါပေမယ့် NLD အတွက် လုံးဝဥဿုံ လမ်းစပိတ်သွားတာတော့မဟုတ်ပါဘူး။ နောင်လာမယ့် ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ချင်တယ်ဆိုရင် တရားဝင်ပြန်ပြီး လုပ်ကိုင်နိုင်မယ့် အခွင့်အရေးတွေ၊ နည်းလမ်းတွေ ရှိပြီးသားပါ။

လက်တွေ့ကျကျ ပြန်စဉ်းစားကြည့်ရင် တချို့အိမ်နီးချင်းနိုင်ငံတွေမှာ အာဏာရှိတဲ့လူတွေနဲ့ မသင့်မြတ်တဲ့ နိုင်ငံရေးပါတီတွေကို အကြောင်းအမျိုးမျိုးပြပြီး လုံးဝဖျက်သိမ်းပစ်တာ၊ ပါတီခေါင်းဆောင်တွေ ရာနဲ့ချီပြီး နိုင်ငံရေးလုပ်ခွင့်ကို ငါးနှစ်လောက်အထိ ပိတ်ပစ်တာမျိုးတွေ ရှိခဲ့ပေမယ့် ဒီနိုင်ငံမှာ ဒါမျိုးမရှိခဲ့ပါဘူး။ ပြီးခဲ့တဲ့ ရွေးကောက်ပွဲမှာ NLD မဝင်ဖို့ ဆုံးဖြတ်ခဲ့တာလည်း အန်တီစုရဲ့ ဆုံးဖြတ်ချက်အတိုင်း လိုက်ခဲ့ကြတာပါ။ အစိုးရက ပိတ်ပင်ထားတာ မရှိခဲ့ပါဘူး၊ အဲဒီလို ပိတ်မထားခဲ့လို့ NLD ထဲက အင်အားစုတချို့တောင်မှ လိုလိုလားလား ရွေးကောက်ပွဲဝင်ခဲ့ကြလို့ အခုဆိုရင် လွှတ်တော်ထဲမှာ လွတ်လွတ်လပ်လပ်နဲ့ ပြောနိုင်ဆိုနိုင်ပြီး အပြင်မှာလည်း တရားဝင် ခိုင်ခိုင်မာမာ ရပ်တည်လှုပ်ရှားနေတာ တွေ့နေရတာပဲ မဟုတ်လား။

အဲတော့ စေတနာအမှန်နဲ့ အကြံပြုရမယ်ဆိုရင် လမ်းကြောင်းအမှန်ကို ပြန်ပြီးရွေးချယ်ဖို့ဟာ နောက်ကျတယ်၊ လွန်သွားပြီဆိုတာမျိုး မရှိပါဘူး။ အခုမှ တည်ငြိမ်စ၊ တည်ထောင်စ သွေးနုသားနု နိုင်ငံတစ်ခုကို သွေးလန့်သွားစေမယ့် လှုပ်ရှားမှုတွေ ပြနေမယ့်အစား တိုင်းပြည်ကောင်းဖို့ အားလုံးအတူ ပူးပေါင်းပြီး ဥပဒေဘောင်ထဲက လုပ်ကြကိုင်ကြတာဟာ ပြည်သူလူထု အပါအဝင် အားလုံးအတွက် ကောင်းပါလိမ့်မယ်။

နိုင်ငံအတွက် နိုင်ငံရေးလုပ်မယ်ဆိုရင်လည်း အခြေခံဥပဒေနဲ့အညီ ပါတီထောင်၊ တရားဝင်မှတ်ပုံတင်ပြီး ရွေးကောက်ပွဲဝင်ကာ ပြည်သူလူထုရဲ့ ဒီမိုကရေစီနည်းကျ ရွေးချယ်ဆုံးဖြတ်မှုကို ခံယူစေချင်ပါတယ်။

လူမှုရေး ပရဟိတလုပ်ငန်းတွေ လုပ်ချင်သပဆိုရင်လည်း လူမှုရေးအဖွဲ့အစည်းအဖြစ် ဥပဒေနဲ့အညီ ဖွဲ့စည်းမှတ်ပုံတင်ပြီး တရားဝင်ရပ်တည် ထူထောင်ဆောင်ရွက်စေချင်ပါတယ်။ သူများတွေလည်း ဒီလိုပဲ တရားဝင် ရပ်တည်လုပ်ကိုင် ဆောင်ရွက်နိုင်နေကြတာပါပဲ။

ဒီလိုလုပ်တာဟာ အားလုံးအတွက် ရှင်းရှင်းလင်းလင်း ထင်သာမြင်သာရှိပြီး စိတ်ချလက်ချ ခိုင်ခိုင်မာမာ ရပ်တည်လှုပ်ရှားနိုင်မှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးနဲ့ နိုင်ငံတကာက လက်ခံထားတဲ့ အခြေခံဥပဒေနဲ့ အစိုးရကို အသိအမှတ်မပြုချင်သလိုလို၊ ပြုချင်သလိုလိုနဲ့ နိုင်ငံရေးကစားပြီးတော့ ဘယ်ခြောက်ကာ ညာလှမ်းဖို့ ကြိုးစားနေဦးမယ်ဆိုရင်တော့ နိုင်ငံအတွက် သိပ်ပြီးအကျိုးရှိမှာ မဟုတ်တဲ့အပြင် အားလုံးအတွက် အကျိုးဆုတ်ယုတ်ဖို့သာ များလိမ့်မယ်ထင်ပါတယ်။

ကျွန်တော်တို့ သာမန်တိုင်းသူပြည်သားတွေအတွက်ကတော့ ကိုယ့်တစ်ဝမ်းတစ်ခါးကို အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ် ရှာဖွေစားသောက်နိုင်ပြီး နိုင်ငံစီးပွားရေးရော တစ်ဦးချင်းပြည်သူတွေရဲ့ ကြီးပွားရေးပါ ပုံမှန်ဖွံ့ဖြိုးတိုးတက်လာတာမျိုးပဲ လိုချင်ပါတယ်။ လမ်းပေါ်နိုင်ငံရေးတွေ၊ ကျီးလန့်စာစား မင်းမဲ့အခြေအနေတွေကို ထပ်ပြီး မမြင်ချင်၊ မတွေ့ချင်၊ မကြုံချင်တော့ပါဘူး။ ပြည်သူတွေအကျိုးကို တကယ်လိုလားပါတယ်ဆိုရင် ပြည်သူတွေရဲ့ မျက်နှာကိုလည်း ပြန်ကြည့်ပေးပြီးတော့ ပြည်သူ့အကျိုးအတွက် တရားဝင် ဥပဒေဘောင်ထဲက လမ်းကြောင်းအတိုင်းသာ လျှောက်လှမ်းပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ ။

**သာမန်တိုင်းသူပြည်သားတွေအတွက်ကတော့ ကိုယ့်တစ်ဝမ်းတစ်ခါးကို အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ် ရှာဖွေစားသောက်နိုင်ပြီး နိုင်ငံစီးပွားရေးရော တစ်ဦးချင်းပြည်သူတွေရဲ့ ကြီးပွားရေးပါ ပုံမှန်ဖွံ့ဖြိုးတိုးတက်လာတာမျိုးပဲ လိုချင်ပါတယ်။ လမ်းပေါ်နိုင်ငံရေးတွေ၊ ကျီးလန့်စာစား မင်းမဲ့အခြေအနေတွေကို ထပ်ပြီး မမြင်ချင်၊ မတွေ့ချင်၊ မကြုံချင်တော့ပါဘူး။ ပြည်သူတွေအကျိုးကို တကယ်လိုလားပါတယ်ဆိုရင် ပြည်သူတွေရဲ့ မျက်နှာကိုလည်း ပြန်ကြည့်ပေးပြီးတော့ ပြည်သူ့အကျိုးအတွက် တရားဝင် ဥပဒေဘောင်ထဲက လမ်းကြောင်းအတိုင်းသာ လျှောက်လှမ်းပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်။**

30-6 (08).pmd 1 6/30/2011, 1:34 AM

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြင်သစ်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Thierry MATHOU သည် ယနေ့ ညနေ ၃ နာရီတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဘုရင့်နောင်ရိပ်သာ၌ လာရောက်တွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယက ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ဇူလိုင် ၉၊ ၁၀ ရက်(အစား) ဇူလိုင် ၈၊ ၉ ရက်တွင် ကျင်းပမည်

**နေပြည်တော် ဇွန် ၂၉**

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေးကို ၁၃၇၃ ခုနှစ် ဝါဆိုလဆန်း ၉၊ ၁၀ ရက်(၂၀၁၁ ခုနှစ် ဇူလိုင် ၉၊ ၁၀ ရက်)(အစား) ၁၃၇၃ ခုနှစ် ဝါဆိုလဆန်း ၈၊ ၉ ရက် (၂၀၁၁ ခုနှစ် ဇူလိုင် ၈၊ ၉ ရက်) (သောကြာ၊ စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၇၃ ခုနှစ် ဝါဆိုလဆန်း ၄ ရက် (၂၀၁၁ ခုနှစ် ဇူလိုင် ၄ ရက်)(တနင်္လာနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ကြောင်း၊ ပင့်စာများ အချိန်မီ မရောက်ရှိပါကလည်း အထက်ပါ နေ့ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကျင်းပ

**နေပြည်တော် ဇွန် ၂၉**

ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို ဇွန် ၂၉ ရက် နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ**(အောက်ပုံ)** ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**တက်ရောက်**

ရှေးဦးစွာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၅၁ ဦးရှိသည့် အနက် ၄၆ ဦး တက်ရောက်ရာ ၉၀ ဒသမ ၁၉ ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

**ကြေညာ**

အစီအစဉ်အရ နိုင်ငံတော် သမ္မတက ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းထားရှိသည့် ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးဌာနများတွင် ဝန်ကြီးများ ခန့်အပ်ကြောင်း အမိန့်ကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံက ပြည်နယ်လွှတ်တော်သို့ ကြေညာသည်။

ကချင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးဌာနများ၌ ပြောင်းလဲတာဝန်ပေးအပ်မှုမှာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဗိုလ်မှူးကြီးသန်းအောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးညွှန့်အောင်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးဘိထောဇောင်း၊ သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအောင်နိုင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါက်တာခင်မောင်ထွန်း၊ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီးအဖြစ် ဦးကမန်းဒူးနော်၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးစိုင်းမောင်ရွှေ၊ စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဦးအလေးပါးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဒေါ်ဘောက်ဂျာတို့ဖြစ်ကြသည်။

ထို့နောက် ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ဒုတိယနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး(၁/၂၀၁၁) ပထမနေ့ကျင်းပ

**နေပြည်တော် ဇွန် ၂၉**

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ဟားခါးမြို့ရှိ ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦးရှိသည့် အနက် အားလုံးတက်ရောက်သည့်အတွက် ရာနှုန်းပြည့် တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတက အဆိုပြုထားသော ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာနများ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အားလုံးက သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

**အဆိုပြုတင်ပြ**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်ဦးဟုန်းငိုင်းက ပြင်ဆင် ဖြည့်စွက်ဖွဲ့စည်းထားသည့် ချင်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးဌာနများတွင် တာဝန်ပေးအပ်မည့် ဝန်ကြီးများ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ အဆိုပြုတင်ပြသည်။

ထို့နောက် ချင်းပြည်နယ်လွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၁) ပထမနေ့ကို နံနက် ၁၀ နာရီခွဲတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရှေ့ဖုံးမှ

ကျောက်ကပ်ထိခိုက်ပျက်စီးခြင်းနှင့် ပျက်စီးလွယ်ခြင်းတို့ ဖြစ်စေနိုင်သည်။ ထို့အပြင် နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့ကိုလည်း ဖြစ်စေနိုင်သည်။

**ကျန်းမာရေးသတင်း**

ဆီးချိုရောဂါဖြစ်ပွားမှုနည်းပါးစေရေး အထောက်အကူဖြစ်စေမည့် ကျန်းမာရေးသတင်းတစ်ပုဒ်ကိုလည်း ဖော်ပြလိုက်ပါသည်။

**လျှော့ချနိုင်**

လူတို့အနေဖြင့် နေ့စဉ်ပုံမှန်စားသုံးနေကျ အစားအစာများထက် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ပိုမိုစားသုံးခြင်းဖြင့် ကိုယ်အလေးချိန်ကို အမှန်တကယ် လျှော့ချနိုင်လိမ့်မည်ဖြစ်ကြောင်း ဟားဗတ်တက္ကသိုလ်မှ သုတေသီများက ပြောကြားသည်။

**လေ့လာတွေ့ရှိ**

နေ့စဉ် အမျှင်ဓာတ်ကြွယ်ဝသော အခွံမာသစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများနှင့် ဒိန်ချဉ်တို့ကို သောက်သုံးပေးခြင်းဖြင့် ကိုယ်အလေးချိန် လျှော့ချနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့သည်ဟု ဆိုသည်။

ထို့အပြင် နေ့စဉ်လမ်းလျှောက်ခြင်းကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်းဖြင့်လည်း ကိုယ်အလေးချိန်တိုးလာမှုကို ဟန့်တားနိုင်ကြောင်းလည်း သုတေသနပညာရှင်များက သတိပေးထားသည်။

**ကိုးကား-အင်တာနက်**

## ရှေ့ဖုံးမှ

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## မြန်မာ့အလင်း စာအုပ်စင်

*ရန်ကုန် ဇွန် ၂၉*

*မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များစုဝေးရာ ပထမမြန်မာနိုင်ငံတော် ပုဂံမြို့ဟောင်းတွင် ခရစ်နှစ် ၁၀၇ ခုနှစ်မှ ၁၃၆၈ ခုနှစ်အထိတိုင် နန်းစိုက်ခဲ့သည့် ပုဂံမင်း ၅၅ဆက်တို့အကြောင်းကို စုစည်းဖော်ပြထားသည့် စာရေးဆရာတက္ကသိုလ် မောင်သုလှိုင် ရေးသားပြုစုထားသော ပုဂံမင်းဆက်များရာဇဝင် စာအုပ်ကို ရွှေမြန်မာစာပေက ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိလိုက်သည်။*

*ဆက်သွယ်ဝယ်ယူနိုင်*

*ထိုစာအုပ်တွင် ပုဂံပြည်ကြီး စတင်တည်ထောင်ပုံသမိုင်းအကျဉ်းနှင့်အတူ ပုဂံပြည်ကြီးကို စတင်တည်ထောင်ခဲ့သော သမုဒ္ဒရာဇ်မင်းမှသည် နောက်ဆုံးမင်းဆက် စောမွန်နစ်မင်းသို့တိုင် ပုဂံမင်းအဆက်ဆက်တို့၏ အတ္ထုပ္ပတ္တိအကျဉ်းကို ၎င်းတို့၏ စွမ်းဆောင်ချက်များနှင့်အတူ တစုတစည်းတည်း ဖော်ပြထားသည်။ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုဂံညောင်ဦးတို့ရှိ စာအုပ်ဆိုင်ကြီးများနှင့် ရွှေမြန်မာစာပေဖုန်း-၀၉-၄၉၂၁၃၉၇၂၊ ၀၉-၅၁၂၁၇၆၉၊ ၀၆၇-၃၆၁၄၀ နှင့် ၀၁-၅၄၁၆၃၆ တို့သို့ ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။*

*(မြန်မာ့အလင်း)*

# ပုဂံမင်းဆက်များရာဇဝင် စာအုပ် ဒုတိယအကြိမ် ထုတ်ဝေဖြန့်ချိ

# ကျွန်တော်သိသော တစ်ရံရောအခါများ စာအုပ် ဒုတိယအကြိမ်ထုတ်ဝေမည်

*ရန်ကုန် ဇွန် ၂၉*

*မြန်မာ့နိုင်ငံရေးလောကတွင် ဝါရင့်ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်သည့် ကိုကိုမောင်ကြီး (ဦးချစ်လှိုင်)၏ နှစ်ပေါင်းများစွာ ဖြတ်သန်းကျင်လည်ခဲ့သော ဘဝပုံရိပ်များကို မှတ်တမ်းပြုရေးသားထားသည့်* ***ကျွန်တော်သိသော တစ်ရံရောအခါများ*** *စာအုပ်ကို ဒုတိယအကြိမ် အဖြစ် မကြာမီ ထွက်ရှိမည် ဖြစ်သည်။*

*အဆိုပါစာအုပ်ကို ယခင်ရောင်းဈေးအတိုင်း ငွေကျပ် ၅၅၀၀ ဖြင့်ပင် စာပေဗိမာန်စာအုပ်ဆိုင် (အမှတ် တ-၅၅ သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁)၊ စာပေဗိမာန်စာအုပ်ဆိုင် (အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၀)၊ စာပေဗိမာန်စာအုပ်ဆိုင်(မန္တလေးမြို့ ဖုန်း ၀၂-၆၂၉၂၅/၆၂၉၃၁)၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင် (အမှတ် ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၃၂၁၆/၃၈၉၈၃၈)၊ ထွန်းဦးစာပေဖြန့်ချိရေး (အမှတ် ၁၀၁ ၈၄ လမ်း ၂၉ လမ်းထောင့်နှင့် လမ်း ၃၀ ကြား မန္တလေး ဖုန်း ၀၂-၃၉၈၀၀၊ ၇၂၅၁၈)နှင့် နဂါးစာပေ (အမှတ် ၂၉/ခ၊ ၈၃ လမ်း၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြား မန္တလေး ဖုန်း ၀၂-၂၁၅၂၇)တို့တွင် ဝယ်ယူရရှိနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။* ***(သတင်းစဉ်)***

# နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၂၉**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့၏ ဦးဆောင်မှုဖြင့် မကြာမီ ကျင်းပမည့် နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ အောင်မြင်စွာခင်းကျင်းပြသနိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို ဇွန် ၂၈ရက် နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

**ဝယ်ယူနိုင်**

အဆိုပါ နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ (MTB) အောက်ရှိ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အမှတ်တရပစ္စည်းအရောင်းဆိုင်လုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးတို့က မိမိတို့၏ခရီးစဉ်ဒေသအလှအပများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဗီနိုင်း၊ ဓာတ်ပုံ၊ ပန်းချီ၊ ဗီဒီယိုများ၊ နမူနာပုံစံငယ်များဖြင့် ခင်းကျင်းပြသထားပြီး စားသောက်ဆိုင် လုပ်ငန်းရှင်များကလည်း သန့်ရှင်းလတ်ဆတ်သောအစားအစာများ ပြသရောင်းချခြင်းကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့မှ ဆိုင်ပေါင်း ၂၄ ဆိုင်တို့ဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ပြည်တွင်း ပြည်ပဧည့်သည်များအနေဖြင့် အဆိုပါ စားသောက်ဆိုင်များ၌ ကူပွန်စနစ်ဖြင့် ဝယ်ယူစားသောက်ရာတွင် ကျပ်ငွေ၊ ယွမ်ငွေ၊ အမေရိကန်ဒေါ်လာ စသည်ဖြင့် ကြိုက်နှစ်သက်ရာ ငွေကြေးဖြင့် ဝယ်ယူစားသောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေး-မြစ်ကြီးနား အထက်တန်းအိပ်စင်အထူးရထား ပြေးဆွဲမည့်အစီအစဉ် ကြိုတင်အသိပေးကြေညာ

**နေပြည်တော် ဇွန် ၂၉**

မြန်မာ့မီးရထားသည် မန္တလေး-မြစ်ကြီးနားခရီးစဉ်တွင် ခရီးသွားပြည်သူများ ပိုမို၍ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် အထက်တန်းအိပ်စင် အထူးရထားတစ်စင်းကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

အဆိုပါ အမှတ်(၃၃) အဆန်၊ (၃၄) အစုန် အထက်တန်းအိပ်စင် အထူးရထားကို ဇူလိုင် ၂ ရက်(စနေနေ့)မှ စတင်၍ ပြေးဆွဲမည်ဖြစ်ရာ အမှတ်(၃၃) အဆန်ရထားသည် မန္တလေးဘူတာမှ မွန်းလွဲ ၁ နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး မြစ်ကြီးနားဘူတာသို့ နောက်တစ်နေ့ နံနက် ၅ နာရီ ၁၀ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။ အလားတူပင် အမှတ်(၃၄) အစုန်ရထားသည်လည်း မြစ်ကြီးနားဘူတာမှ မွန်းလွဲ ၁ နာရီ မိနစ် ၅၀တွင် စတင်ထွက်ခွာမည်ဖြစ်ပြီး မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက် ၆ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

**ပါဝင်မည်**

အမှတ်(၃၃) အဆန်ရထားကို မန္တလေးဘူတာမှ စနေ၊ အင်္ဂါ၊ ကြာသပတေးနေ့တို့တွင်လည်းကောင်း၊ အမှတ်(၃၄) အစုန်ရထားကို မြစ်ကြီးနားဘူတာမှ တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ သောကြာနေ့တို့တွင်လည်းကောင်း ထွက်ခွာပေးမည်ဖြစ်ပြီး လမ်းခရီး၌ ရွှေဘိုဘူတာ၊ ကောလင်းဘူတာ၊ မိုးညှင်းဘူတာနှင့် မိုးကောင်းဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။

အဆိုပါ ရထားတွဲဆိုင်း၌ အထက်တန်းအိပ်စင်တွဲ ကိုးတွဲ၊ ရိုးရိုးတန်းတွဲ တစ်တွဲ၊ ရထားထိန်းတွဲ တစ်တွဲတို့ ပါဝင်မည်ဖြစ်သည်။ လက်မှတ်ခအနေဖြင့် အထက်တန်းအိပ်စင်တစ်နေရာလျှင် ငွေကျပ် ၁၅၀၀၀၊ ရိုးရိုးတန်း ထိုင်ခုံတစ်နေရာလျှင် ငွေကျပ် ၆၃၀၀ ကျသင့်မည်ဖြစ်ပြီး နိုင်ငံခြားသားများအတွက် အိပ်စင်တစ်နေရာလျှင် အမေရိကန်ဒေါ်လာ ၄၅ ဒေါ်လာ၊ ရိုးရိုးတန်းတစ်နေရာလျှင် အမေရိကန်ဒေါ်လာ ၁၈ ဒေါ်လာ ကျသင့်မည်ဖြစ်သည်။

**ကြိုတင်အသိပေး**

အထက်ပါ အထက်တန်းအိပ်စင် အထူးရထားပြေးဆွဲမည့် အစီအစဉ်ကို ခရီးသွားပြည်သူများ အချိန်မီ သိရှိစေရန် မြန်မာ့မီးရထားက သက်ဆိုင်ရာနယ်မြေ၊ ဘူတာများတွင်ကြိုတင်အသိပေးကြေညာထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တွံတေးမြို့နယ်၌ကျင်းပ

**ရန်ကုန် ဇွန် ၂၉**

တွံတေးမြို့နယ် ၂၀၁၁-၂၀၁၂ မိုးရာသီ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို တွံတေး-လှိုင်သာယာ ကားလမ်းနှင့် ဒလ-တွံတေးကားလမ်းဆုံရာ ဘုရားငုတ္တိုကျေးရွာ၌ ဇွန် ၂၇ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်နှင့် မြို့နယ်သစ်တောဦးစီးမှူးတို့က သစ်ပင်စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက ယူကလစ်ပင် ၈၀၀၊ အော်ရေးရှားပင် ၁၀၀၀နှင့် ပျဉ်းမပင်၂၀၀ စုစုပေါင်းအပင်အရေအတွက် ၂၀၀၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

# တောရိုင်းတိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရေးဆွေးနွေး

**ဘိုကလေး ဇွန် ၂၉**

တောရိုင်းတိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို မေ ၃၁ ရက် နံနက် ၁၁ နာရီက ဘိုကလေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်က အမှာစကားပြောကြားသည်။

**ပညာပေးဆွေးနွေး**

ထို့နောက် ဘိုကလေးမြို့နယ် မိန်းမလှကျွန်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးစီးအရာရှိ ဦးစိုးလွင်က တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေး၊ သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေများနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (ဝ၆၅)

**ပေါက်ခေါင်းမြို့ သာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဆောင်၍ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇွန် ၁၆ ရက်က မြို့ဝင်တြိဂံကျွန်း၌ ပန်းအလှပင်များစိုက်ပျိုးကြစဉ်။** (မြို့နယ်စည်ပင်)

**ရှင်းလင်းဆွေးနွေး**

ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ဝင်ငွေကြေညာလွှာဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ဇွန် ၂၆ ရက်ကကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမောင်မောင်ဦး ရှင်းလင်းဆွေးနွေးစဉ်။ (ဝ၇၁)

**လောင်းလုံ မြို့မဈေးအတွင်း သက်တမ်းကုန်ပစ္စည်းများနှင့် အိုင်အိုဒင်းဆားရောင်းချခြင်း ရှိမရှိကို ဇွန် ၂၅ ရက်က မြို့နယ်ဆရာဝန် ဒေါက်တာ ဒေါ်မူမူသန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြင့်တို့ ဦးဆောင်ပြီး ကျန်းမာရေးဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

# ပန်းခြံအတွင်းသာယာလှပရေး ချောင်းဆုံ၌ ဆောင်ရွက်

**ချောင်းဆုံ ဇွန် ၂၉**

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရုံးရှေ့ပန်းခြံအတွင်း သာယာလှပရေးဆောင်ရွက်လျက်ရှိရာ ဇွန် ၁၂ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကြည့်ရှုစစ်ဆေးပြီး အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင်တို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။

**(မြို့နယ်စည်ပင်)**

# မြို့သာယာလှပရေး သုံးခွ၌ ဆောင်ရွက်

**သုံးခွ ဇွန် ၂၉**

သုံးခွမြို့နယ် မြို့ပေါ်ရပ်ကွက်များ မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ ဆယ်ယူရှင်းလင်းတူးဖော်ခြင်း၊ လမ်းဖြတ်ရေထွက်ပေါက် ကွန်ကရစ်တံတားငယ်များ တည်ဆောက်ခြင်းနှင့် လမ်းဘေးချုံနွယ်မြက်များ ရှင်းလင်းခြင်း၊ မြို့ဝင်မြို့ထွက် လမ်းဘေးဝဲယာ ပန်းအလှပင်များ စိုက်ပျိုးခြင်းစသည့် မြို့သာယာလှပရေးလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်တင်တို့ ဇွန် ၉ရက်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အလင်း
စာတည်းထံပေးစာများ

## သစ်သားထုရိုက်သံ ဆူညံလွန်း

**စာတည်းခင်ဗျား-**

မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၁)ကျောင်းရှေ့ ဗညားဒလလမ်းပေါ်ရှိ မြေညီထပ်အိမ်တစ်အိမ်၏ရှေ့မျက်နှာစာတွင်ဖွင့်ထားသော ပရိဘောဂအဟောင်းပြုပြင်ရောင်းဝယ်ရေးဆိုင်မှ သစ်သားထုရိုက်သံ၊ ဖြတ်တောက်သံကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ဗညားဒလလမ်းသား**

## ကားဘော်ဒီရုံ ရပ်ကွက်အတွင်းမှဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု ကာယရပ်ကွက် ၁၀ လမ်းအတွင်းရှိ ကားဘော်ဒီရုံတစ်ရုံမှ ကားဘော်ဒီထုရိုက်သံများနှင့် ဝရိန်ညှော်နံ့ကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါ ကားဘော်ဒီရုံအား ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

## အသံချဲ့စက်သံ နားမခံနိုင်

**စာတည်းခင်ဗျား-**

ကျောက်တံတားမြို့နယ် အနော်ရထာလမ်းနှင့် ၃၅ လမ်းထောင့်ရှိ ထီဆိုင်တစ်ဆိုင်သည် အသံချဲ့စက်ကို နေ့စဉ် အသံကျယ်လောင်စွာဖွင့်၍ ထီရောင်းချနေပါသဖြင့် ပတ်ဝန်းကျင်တွင်နေထိုင်သူများ နားမခံသာအောင်ဖြစ်နေပါသောကြောင့် သက်ဆိုင်ရာမှ လိုအပ်သလိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ**

## မင်္ဂလာဆုတောင်း

**ဒုတိယဗိုလ်မှူးကြီးမောင်မောင်မြင့်** နှင့် ဇနီး **ဒေါ်ခင်ဆွေဝင်း** တို့၏ ၂၉-၆-၂၀၁၁ရက်တွင် ကျရောက်သော (၂၂)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာအထိ အတူလက်တွဲ၍ သာသနာအကျိုး၊ နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်း တောင်းပါသည်။

**CPA 11 batch မှ သူငယ်ချင်းများ**
**ခင်စောမူ၊ မြမြဝေ၊ မြင့်မြင့်ကြည်၊ နီနီဝင်း**

## ငွေရတုမင်္ဂလာဆုတောင်း

ဖေကြီး **ရဲမှူးသန်းခင်**(ငြိမ်း) (General Manager) King General Transport Services Co.,Ltd.(လမ်းအထူးစီမံကိန်း)နှင့် မေကြီး **ဒေါ်တင်မိုးဇင်** (General Manager) Survive Trading Co.,Ltd.(Yangon) (မိုးဆောက်လုပ်ရေး) တို့၏ ၃၀-၆-၂၀၁၁ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှသည် ချစ်သော သမီးလေးနှင့်အတူ ရတုအဆက်ဆက် ကျန်းမာခြင်း၊ ချမ်းသာခြင်းများစွာဖြင့် အောင်မြင်မှုများ ရရှိပြီး ဘဝလမ်းကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

**ချစ်သမီးလေး - မဖူးငုံခင် (A.G.D. Bank) သုတေသနနှင့်ဖွံ့ဖြိုးရေးဌာန**
**(Asia Green Development Bank Training Center)**

## ဖခင်အမည်မှန်

သုဝဏ္ဏ အထက တက္ကသိုလ်ဝင်တန်း(I)မှ မောင်နေလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးရွှေမြင့် ၁၄/မအပ(နိုင်) ၁၀၂၆၁၂ ဖြစ်ပါသည်။

## အမြန်ပြန်လာပါ

ခင်မိုမို့လွင်(ခ)မိုးမိုး အဖေနဲ့အမြန်ဆုံး ဆက်သွယ်ပါ။

**ဦးလှသန်း**
**ဖုန်း-၀၉-၇၃၀၂၃၆၀၈**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအောင်မျိုးထွဋ် မှတ်ပုံတင်အမှတ် ၁၂/မရက(နိုင်) ၀၇၆၇၃၅ ကိုင်ဆောင် နိုင်ငံကူးလက်မှတ် အမှတ် ၀၈၉၇၂၄သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။

**ဖုန်း-၆၈၄၂၅၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇)၊ မြေကွက်အမှတ် (၆/ဏ-၂)၊ ဧရိယာ၀.၆၀၄၈ဧကရှိ မြေပိုင်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (အလျား ၂၅ပေ× အနံ ပေ $\frac{၅၀}{၅၆}$) အကျယ်အဝန်းရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၃၃၃၂/၂၀၀၉) အရ တရားဝင် ဝယ်ယူလက်ရှိ ပိုင်ဆိုင်လျက်ရှိသူ ဦးတင်ဝင်း ၁၄/မအပ(နိုင်) ၁၄၁၆၂၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေနှင့် အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်မြလှဲ့ဝင်း (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)**
**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊**
**(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။**
**ဖုန်း-၇၀၅၄၄၅၊ ၀၉-၅၁ ၅၁၈၃၃**

## အီရတ်-အာဖဂန်သတင်းများ

### အီရတ်နိုင်ငံရှိ အမေရိကန် တပ်စခန်းများကို မက်ဒီတပ်ဖွဲ့ဝင်များ တိုက်ခိုက်

ဘဂ္ဂဒက် ဇွန် ၂၉

အီရတ်နိုင်ငံ ပြည်နယ်အချို့ရှိ အမေရိကန် တပ်စခန်းများကို ဦးတည်လျက် မက်ဒီတပ်ဖွဲ့ဝင်များက စိန်ပြောင်းများ၊ ကက်ယူရှာ ဒုံးကျည်များဖြင့် (၁၀)ကြိမ်မက တိုက်ခိုက်ခဲ့ကြောင်း ဇွန် ၂၈ ရက်က ကြေညာသည်။

**ကြေညာ**

ယင်းသို့ စစ်ဆင်တိုက်ခိုက်မှုများအတွင်း အီရန်တပ်ဖွဲ့ဝင်များလည်း သေဆုံး၊ ဒဏ်ရာရခဲ့ကြသည်ဟု ဆိုသည်။ ဇွန် ၂၁ ရက်မှ ၂၆ ရက်အတွင်း ဘဂ္ဂဒက်၊ မိုဆူးလ်၊ ဒီယာလာ၊ ကယ်ကွတ်၊ ဘာဆရာ၊ မစ်ဆန်၊ နက်ဆာရီယာနှင့် ဆာမာဝါရှိ အမေရိကန် တပ်စခန်းများကို စိန်ပြောင်းများ၊ ဒုံးကျည်များဖြင့် တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် အများအပြား သေဆုံး၊ ဒဏ်ရာရခဲ့ကြောင်း မက်ဒီတပ်ဖွဲ့က ကြေညာသည်။

အီရတ်ပြည်သူများကို အကာအကွယ်ပေးရန် နိုင်ငံခြားတပ်ဖွဲ့ဝင်များကို ဆက်လက်တိုက်ခိုက်သွားရန်လည်း ဆုံးဖြတ်ထားကြောင်း မက်ဒီတပ်ဖွဲ့က ကြေညာသည်။ **(အင်တာနက်)**

### ကဘူးလ်မြို့ရှိဟိုတယ်၌ တိုက်ခိုက်မှုဖြစ်ပွား အနည်းဆုံး ၁၈ ဦးသေဆုံး

ကဘူးလ် ဇွန် ၂၉

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်ရှိ ဟိုတယ်တစ်ခု၌ ဇွန်၂၈ ရက် ညပိုင်းက တာလီဘန်တို့၏ ပုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး ၁၈ ဦး သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **(အောက်ပုံ)**

**ပြောကြား**

အဆိုပါ တိုက်ခိုက်မှုတွင် အရပ်သား ကိုးဦး၊ တာလီဘန်တိုက်ခိုက်ရေးသမား ခုနစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး အခြား ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ ယင်းတိုက်ခိုက်မှုဖြစ်ပွားချိန်တွင် ဟိုတယ်၌ အာဖဂန်နှင့် အနောက်နိုင်ငံများမှ တာဝန်ရှိသူများ လုံခြုံရေးအစည်းအဝေး ကျင်းပနေကြောင်း အဆိုပါ ပုဂ္ဂိုလ်များက ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

### အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၂၉

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၂၉ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူ ဦးရေမှာ **၇၀၆၃၇၇** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၁၂၇၉၇၁၃** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အီရတ်ပြည်သူများ | ၇၀၆၃၇၇ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၇၉၇၁၃ ဦး |

(အင်တာနက်)

### အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဇွန် ၂၉

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၂၉ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူ ဦးရေမှာ **၃၄၀၁၉** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ **၄၁၅၈၈** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၄၀၁၉ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ | ၄၁၅၈၈ ဦး |

(အင်တာနက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## နေပြည်တော်၌ ပန်းမြိုင်လယ်ဥယျာဉ်ဖွင့်

## မြန်မာပြည်အနှံ့အပြား၌ ပေါက်ရောက်နေသည့် ပန်းအလှပင်များကို တစ်နေရာတည်းတွင် တစုတဝေးတည်း လေ့လာမြင်တွေ့ခွင့်ရမည်

နေပြည်တော် ဇွန် ၂၉

**နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တည်ဆောက်ပြီးစီးသွားသော ပန်းမြိုင်လယ်ဥယျာဉ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၈ ရက် နံနက်ပိုင်းတွင် အဆိုပါဥယျာဉ် မင်္ဂလာမုခ်ဦး၌ ကျင်းပသည်။**

**ဖွင့်လှစ်**

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမျိုးအောင်နှင့် နောင်တုံ ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းတစ်အောင်တို့က ပန်းမြိုင်လယ်ဥယျာဉ်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးသိန်းညွန့်က ပန်းမြိုင်လယ် ဥယျာဉ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး ပန်းမြိုင်လယ်ဥယျာဉ်၌ မြန်မာပြည်အနှံ့အပြားရှိ သစ်ခွမျိုးများအား စိုက်ပျိုးပြသထားသည့် စိုက်ကွက်၊ မြေယာရှုခင်းအလှ ပြုလုပ်ထားသည့် ရွှေငါးကြီးရေကန်၊ ကနုကမာ အလှထိုင်ခုံ၊ ဦးရွှေရိုးထိုင်ခုံ၊ Sea Horse ထိုင်ခုံများနှင့် ရေတံခွန်တည်ဆောက်မှု၊ နှစ်ရှည်ပန်းအလှပင်များ စနစ်တကျ အကွက်ချ စိုက်ပျိုးထားရှိမှုနှင့် ထီးပင်စိုက်ကွက်အတွင်း ဆင်မိသားစု ရေပန်းအလှကန်နှင့် ကျောက်လိုဏ်ဂူ လှပစွာဆောက်လုပ်စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

**စိုက်ပျိုးထား**

ယခုဖွင့်လှစ်သည့် ပန်းမြိုင်လယ်ဥယျာဉ်သည် မြန်မာပြည်အနှံ့အပြား၌ နေရာဒေသအလိုက်

*စာမျက်နှာ ၇ ကော်လံ ၄* ❖

## ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများ ထုတ်ပေးလျက်ရှိ

*နေပြည်တော် ဇွန် ၂၉*

***၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများကို ယနေ့မှစ၍ စတင်ထုတ်ပေးနေပြီ ဖြစ်သည်။***

***အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများကို နေပြည်တော် ရုံးအမှတ် (၅၂)ရှိ မြန်မာနိုင်ငံစာစစ်အဖွဲ့တွင်လည်းကောင်း၊ ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ (မေခဆောင်)ရှိ မြန်မာနိုင်ငံစာစစ်အဖွဲ့တွင်လည်းကောင်း ထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။***

*(သတင်းစဉ်)*

## သံလွင်မြစ်ရေ ဘားအံမြို့၏ စိုးရိမ်ရေမှတ်အောက် ကျဆင်းနိုင်

**နေပြည်တော် ဇွန် ၂၉**

သံလွင်မြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းတာချက်အရ ဘားအံမြို့တွင် ၇၅၇ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

## မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ


မန္တလေး-မြစ်ကြီးနား အထက်တန်းအိပ်စင် အထူးရထား ပြေးဆွဲမည့်အစီအစဉ် ကြိုတင်အသိပေးကြေညာ။ (စာ-၁၀)

ပေါင် ၈ နှစ် ဖြင့် သိပ္ပံနည်းကျ ပျိုးထောင်စိုက်ပျိုးခြင်း ငပုတော မြို့နယ်၌ သရုပ်ပြ။ (စာ-၂)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တွံတေးမြို့နယ်၌ ကျင်းပ။ (စာ - ၁၀)

အိုလံပစ်နေ့ အ ထိမ်း အ မှတ် မြင်းစီး အားကစား ပြိုင်ပွဲကျင်းပ။ (စာ - ၄)


30-6 (20).pmd 1 6/30/2011, 1:35 AM